# မြန်မာ့သယံဇာတကျိန်စာ

## ရေနံနှင့်သဘာဝဓါတ်ငွေ့ ဘဏ္ဍာငွေပွင့်လင်းမြင်သာမှု ပြဿနာများ



# မြန်မာ့သယံဇာတကျိန်စာ

**ရေနံနှင့်သဘာဝဓါတ်ငွေ့ ဘဏ္ဍာငွေပွင့်လင်းမြင်သာမှု ပြဿနာများ**

၂၀၁၂ ခု မတ်လတွင် ထုတ်ဝေသည်

**ရခိုင့်ရေနံစောင့်ကြည့်ရေးအဖွဲ့**

ရခိုင့်ရေနံစောင့်ကြည့်ရေးအဖွဲ့(AOW)သည် သီးခြားလွတ်လပ်သော၊ လူထုအခြေပြုသော၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး၊ မြန်မာပြည်တွင်းရှိ လှုပ်ရှားမှုများကို တက်ကြွစွာလုပ်ကိုင်သည်။ ရခိုင့်ရေနံစောင့်ကြည့်ရေးအဖွဲ့ကို (၂၀၀၆) ခုနှစ်တွင် စတင်ထူထောင်ခဲ့သည်။ အဖွဲ့အစည်း၏ ယုံကြည်ချက်မှာ ပြည်သူလူထုအခွင့်အရေးများ၊ လူမှုဘဝများနှင့် သဘာဝပတ်ဝန်းကျင်များကို အာမခံချက်အပြည့်ဖြင့် အကာကွယ်ပေးရေးတို့ကို ခိုင်မာသေချာအောင်လုပ်ဆောင်ရန်နှင့် ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံတဝှမ်းရှိ ရေနံနှင့်သဘာဝဓါတ်ငွေ့ စီမံကိန်းများ၏ လုပ်ရပ်များနှင့် ၎င်းတို့၏ လူ့အခွင့်ရေးချိုးဖေါက်မှု၊သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု နှင့် ငွေကြေးဆိုင်ရာ ပွင့်လင်းမြင်သာမှုများကိုလည်း စောင့်ကြည့်လေ့လာရန်ဖြစ်သည်။ ရခိုင့်ရေနံစောင့်ကြည့်ရေးအဖွဲ့သည် အရှေ့တောင်အာရှ ရေနံစောင့်ကြည့်ရေးအဖွဲ့(Oil Watch Southeast Asia) တွင် တက်ကြွစွာလှုပ်ရှားနေသော အဖွဲ့ဝင်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး၊ သယံဇာတတူးဖေါ်မှုများနှင့် ထိခိုက်ပျက်စီးမှုများကို လေ့လာစောင့်ကြည့်နေသည့် အမျိုးမျိုးသော မြန်မာ့အခြေပြု အဖွဲ့အစည်းများ၊ နိုင်ငံတကာရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့်လည်း ပူးတွဲလုပ်ကိုင်သည်။

*ဆက်သွယ်ရန်*

info@arakanoilwatch.org
www.arakanoilwatch.org

# မာတိကာ


အစီရင်ခံစာအကျဉ်းချုပ်....................................................................................................၅
အခန်း(၁)
သဘာဝသယံဇာတကျိန်ဇာဆိုသည်မှာ......................................................................................၇
မြေပုံ...................................................................................................................................၉
မြန်မာနိုင်ငံ၏ သဘာဝဓါတ်ငွေ့ရောင်းချခြင်းမှရရှိသော ဘဏ္ဍာငွေ ဖယား...............................................၉

အခန်း(၂)
ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ မြန်မာနိုင်ငံ၏အကြီးမားဆုံးနိုင်ငံခြားဝင်ငွေ.............................................၁၀
(၂၀၁၃) တွင် တရုတ်သို့တင်ပို့ရောင်းချမည့်ရွှေသဘာဝဓါတ်ငွေ့ ................................................၁၀
(၂၀၁၃) တွင် ထိုင်းနိုင်ငံသို့တင်ပို့ရောင်းချမည့် လုပ်ကွက်အမှတ် M9 မှသဘာဝဓါတ်ငွေ့..................၁၁
အိန္ဒိယသို့ မကြာမီတင်ပို့ရောင်းချမည့်သဘာဝဓါတ်ငွေ့ ........................................................၁၂
ရေနံနှင့်သဘာဝဓါတ်ငွေ့ ကဏ္ဍတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ....................................၁၂
အကျိုးအမြတ်ခွဲဝေခြင်း၊အပိုဆုကြေးငွေလက်မှတ်ရေးထိုးခြင်း၊ လုပ်ကွက်မြေငှားရမ်းခ၊အခွန်နှင့် ဝန်ဆောင်မှုကြေး.................................................................................................၁၂

အခန်း(၃)
မြန်မာနိုင်ငံ၏ဘဏ္ဍာငွေတွင်းနက်ကြီး (သို့) ပျောက်ဆုံးနေသောဘဏ္ဍာငွေများ.......................................၁၃
အပိုင်း(၁)
သဘာဝဓါတ်ငွေ့မှ ရရှိသော ဘဏ္ဍာငွေများ ဘယ်မှာထားသနည်း.......................................................၁၃
ပြည်သူမသိရသောဘဏ္ဍာဝင်ငွေလမ်းကြောင်းများ...........................................................၁၃
ပျောက်ဆုံးနေသော ဒေါ်လာဘီလီယံပေါင်းများစွာ...........................................................၁၄
အကျင့်ပျက်ခြစားမှု.....................................................................................................၁၅
သန်းပေါင်းများစွာအဖိုးတန်သောစာချုပ်နှင့်အပိုဆုကြေးငွေများ ကိုထိမ်ချန်ထားခြင်း.......................၁၅
အပိုင်း(၂)
ဓါတ်ငွေ့ဘဏ္ဍာငွေ နှင့် စစ်တပ်ထိမ်းချုပ်မှု....................................................................................၁၆
လက်နက်ဝယ်ယူမှု နှင့် စစ်တပ်တည်ဆောက်မှုအတွက် ဓါတ်ငွေ့ဘဏ္ဍာငွေများ............................ ၁၆
မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း...............................................................................၁၆
ဓါတ်ငွေ့ဘဏ္ဍာငွေကြေးများကိုစစ်တပ်ပိုင်စီးပွားရေးလုပ်ငန်းများမှထိမ်းချုပ်ထားသလား ....................၁၇
မြန်မာ့လက်နက်မှောင်ခိုရာဇာ နှင့် မြောက်ကိုးရီးယားဆက်နွယ်မှု...............................................၁၈
အပိုင်း(၃)
တကယ်ပြောင်းလဲနေပြီလား.............................................................................................၁၉
အစိုးရသစ်အတွင်းအရေးပါသောရာထူးများကိုစစ်တပ်အရာရှိဟောင်းများထိမ်းချုပ်ထားခြင်း...............၁၉
ဘဏ္ဍာငွေခွဲဝေသုံးစွဲမှု နှင့်ပွင့်လင်းမြင်သာမှုမရှိခြင်း.....................................................................၁၉
သဘာဝဓါတ်ငွေ့ ဘဏ္ဍာငွေစီမံခန့်ခွဲမှု ၎င်းတို့ထဲ စစ်တပ်ပိုင်စီးပွားရေးလုပ်ငန်းများ၏အခန်းကဏ္ဍမှာ ရှင်းလင်းမှုမရှိဖြစ်နေဆဲ.........................................................................................၂၀
ကာကွယ်ရေး အသုံးစရိတ်ဆိုင်ရာ သီးခြားလွတ်လပ်မှုအထူးရံပုံငွေ.............................................၂၁
စစ်တပ်ပိုင်စီးပွားရေးလုပ်ငန်းများအတွက် အခွန်ကင်းလွတ်ခွင့်.....................................................၂၁
အပိုင်း(၄)
ရင်းနှီးမြှုပ်နှံသောကုမ္ပဏီများ၏ နှုတ်ဆိတ်နေမှု...................................................................၂၁

အပိုင်း(၅)
ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုမရှိခြင်း..........၂၃
တိုင်းရင်းသားဒေသများ၌ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း..........၂၃
ဝင်ငွေကွာဟမှု နှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက်သုံးစွဲမှုမရှိခြင်း..........၂၃
အကျိုးအမြတ်ခွဲဝေခံစားခြင်းက ပဋိပက္ခများကို အဆုံးသတ်စေသည်..........၂၄
ဆူဒန်တောင်ပိုင်း..........၂၄
အင်ဒိုနီးရှားနိုင်ငံ၏ အာချေးဒေသ..........၂၅

အခန်း(၄)
သယံဇာတကျိန်စာကို အမြစ်ဖြတ်ကုသခြင်း (ဘဏ္ဍာငွေပွင့်လင်းမြင်သာမှု)..........၂၆
ဘဏ္ဍာရေးဆိုင်ရာပွင့်လင်းမြင်သာမှု၏ နိုင်ငံတကာစံချိန်စံညွှန်းများ..........၂၇
ရေနံနှင့်သဘာဝဓါတ်ငွေ့ကြွယ်ဝသောနိုင်ငံများမှ ဖြစ်ရပ်မှန်လေ့လာချက်များ..........၃၀
အလာစကားပြည်နယ် (အမေရိကန်ပြည်ထောင်စု)..........၃၀
နော်ဝေနိုင်ငံ..........၃၂
ဘရာဇီးနိုင်ငံ..........၃၃
တီမောနိုင်ငံ..........၃၄

**နိဂုံးချုပ်..........၄၀**

**အကြံပြုတိုက်တွန်းချက်များ..........၄၁**

**နောက်ဆက်တွဲများ..........၄၂**
**ကိုးကားချက်များ..........၅၂**

# အစီရင်ခံစာ အကျဉ်းချုပ်

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ အထူးသဖြင့် ရေနံနှင့်သဘာဝဓါတ်ငွေ့မှာ တိုင်းပြည်၌ အလျှံအပယ် ပေါများသည်။ ၎င်းသယံဇာတများကို နိုင်ငံဖွံ့ဖြိုးတိုး တက်ရေးကဏ္ဍများတွင် မသုံးဘဲ စစ်ခေါင်းဆောင်များက ဆယ်စုနှစ် တစ်ခုကျော် ပြည်ပသို့တင်ပို့ ရောင်းချခြင်းဖြင့် ဘဏ္ဍာငွေ အမြောက်အများရရှိနေသည်။ သို့သော်လည်း ၎င်းသယံဇာတများမှရရှိသော ဘဏ္ဍာဝင်ငွေများနှင့်ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းတို့ကြောင့် မြန်မာနိုင်ငံသည် သဘာဝသယံဇာတကျိန်စာသင့် နိုင်ငံတစ်ခု ဖြစ်နေရသည်။

မြန်မာနိုင်ငံသည် ၎င်း၏သဘာဝဓါတ်ငွေ့ကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရာမှ အမေရိကန်ဒေါ်လာ (၂) ဘီလီယံဝန်းကျင်ကို နှစ်စဉ်ရရှိနေသည်။ ၂၀၁၃ ခုနှစ်အစောပိုင်းတွင် တခြားလုပ်ကွက်သုံးခုမှလည်း သဘာဝဓါတ်ငွေ့များကို ထုတ်လုပ်ရောင်းချခြင်းမှ လက်ရှိဝင်ငွေပမာဏ၏ နှစ်ဆနီးပါး တိုးလာမည်ဟု မှန်းဆထားသည်။ ထို့အပြင် လက်ရှိ စမ်းသပ်ရှာဖွေတူးဖေါ်လျှက်ရှိသော တခြားသော ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ကွက်ပေါင်း (၄၀)ကျော်မှလည်း ဘဏ္ဍာဝင်ငွေ အမြောက်အများကို ရရှိလာအုံးမည်ဖြစ်သည်။



ဓါတ်ပုံ-ဒေပူး
(ရွှေသဘာဝဓါတ်ငွေ့စမ်းသပ်တူးဖော်နေစဉ်)

သဘာဝသယံဇာတများကို တင်ပို့ရောင်းချမှုမှ ဘဏ္ဍာဝင်ငွေအမြောက်အများကို ရရှိနေသော်လည်း မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အဆင်းရဲဆုံး နိုင်ငံတခု ဖြစ်နေပြီး ပြည်သူများမှာလည်း ကာလတာရှည်စွာ စွမ်းအင်နှင့်လောင်စာ ပြတ်လပ်မှုပြဿနာကို ရင်ဆိုင်နေကြရသည်။ နိုင်ငံ့စီးပွားရေးလုပ်ငန်းကြီးများကို စစ်တပ်ပိုင် ကုမ္ပဏီများနှင့် ၎င်းတို့၏အသိုင်းအဝိုင်းမှ ချုပ်ကိုင်ထားခြင်းနှင့် အကျင့်ပျက် ခြစားမှုတို့သည် နိုင်ငံ့စီးပွားရေးကို ဆုတ်ယုတ်စေသည်။ တိုင်းရင်းသားများနှင့် အစိုးရတို့ အကြားဖြစ်ပွားသည့် နှစ် (၆၀) ကျော်ကြာ ပြည်တွင်းစစ် နှင့် လူ့အခွင့်အရေးချိုးဖောက်မှုကြောင့် ပြစ်တင်ဝေဖန်ခံနေရသော နိုင်ငံတခုလည်းဖြစ်သည်။

သဘာဝသယံဇာတ အရင်းအမြစ်ထုတ်လုပ်သည့် စီမံကိန်းတို့သည် လယ်မြေများကို သိမ်းပိုက်ခြင်း၊ အဓမ္မလုပ်အားခိုင်းစေခြင်း၊ အမျိုးသမီးများအပေါ်အဓမ္မပြုကျင့်ခြင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းခြင်းနှင့် အတင်းအကြပ်ပြောင်းရွှေ့ခြင်းများကို တိုက်ရိုက်ဖြစ်ပေါ်စေသော အကြောင်းအရင်းများလည်း ဖြစ်သည်။ ၎င်းအပြင် သဘာဝသယံဇာတ ထုတ်လုပ်သည့် နေရာများကို ပိုင်ဆိုင် ထိန်းချုပ်လိုသည့်အတွက် အစိုးရနှင့် တိုင်းရင်းသား လူမျိုးများအကြား

လက်နက်ကိုင် ပဋိပက္ခများကို အရှိန်တိုးမြင့်လာစေသည်။ သဘာဝသယံဇာတ တင်ပို့ရောင်းချခြင်းမှ ရရှိသော ဝင်ငွေများသည် နိုင်ငံတိုး တက်ရေးအတွက် ဖြစ်မလာဘဲ အာဏာရှင်စနစ်ကို ပံ့ပိုးပေးပြီး ထိပ်ပိုင်း စစ်ခေါင်းဆောင်များ၏ ချမ်းသာ ကြွယ်ဝမှုကို ဖြစ်ပေါ်စေသည်။
အသစ်ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရသစ်တက်လာသော်လည်း စစ်တပ်သည် ဥပဒေနှင့် ပြည်သူတို့၏ လွှမ်းမိုးချုပ်ကိုင်နိုင်မှု ပြင်ပတွင် ခိုင်ခိုင်မာမာ ရှိနေဆဲ ဖြစ်သည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ရေနံနှင့် သဘာဝဓါတ်ငွေ့ဘဏ္ဍာငွေများကို စီမံခန့်ခွဲမှုများနှင့်စပ်လျဉ်း၍ စစ်တပ်ပိုင် ကုမ္ပဏီများ၏ ပါဝင်ပတ်သက်မှုအခန်းကဏ္ဍကို ယခုအချိန်ထိ ကွဲကွဲပြားပြား မသိရှိရသည့်အပြင် သတ်သတ်မှတ်မှတ် ပြဋ္ဌာန်းချက်များလည်းမရှိပေ။ အစိုးရ သည် ရေနံနှင့် သဘာဝဓါတ်ငွေ့ တင်ပို့ရောင်းချခြင်းမှ ဝင်ငွေ မည်ရွေ့မည်မျှ ရရှိသည်၊ သို့မဟုတ် ၎င်းငွေကြေးများကို မည်ကဲ့သို့ စီမံခန့်ခွဲမှုပြုလုပ်ပြီး မည်သို့သုံးစွဲသည်ကိုလည်း ထုတ်ပြန်ကြေညာခြင်းမရှိပေ။ အလားတူမြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍတွင် ပါဝင်ပတ်သက်နေသည့် နိုင်ငံခြား ကုမ္ပဏီများသည်လည်း အဆိုပါငွေကြေးများကို စစ်အစိုးရထံသို့ မည်သို့၊ မည်မျှ ပေးချေရသည်ကို ထုတ်ပြန်ရန် ငြင်းဆိုလျက်ရှိသည်။



ဓါတ်ပုံ - ရခိုင့်ရေနံစောင့်ကြည့်ရေးအဖွဲ့

*ရခိုင့်ကမ်းလွန်ပင်လယ်ပြင်မှရရှိသောသဘာဝဓါတ်ငွေ့ကို ထင်းမီးဖြင့်ချက်ပြုတ်စားသောက်နေရသော ရခိုင့် အိမ်ထောင်စု (၉၀%)ကျော်အတွက် သုံးမပြုပေ*

ရေနံနှင့်သဘာဝဓါတ်ငွေ့မှရရှိသည့် ဝင်ငွေများကို ပိုမိုကောင်းမွန်သော ပွင့်လင်း မြင်သာမှုနှင့် တာဝန်ခံမှု စနစ်အောက်တွင်စီမံခန့်ခွဲရန် အရေးတကြီး လိုအပ်နေသည်။ တဖန်တိုင်းပြည်၏ သယံဇာတများမှရရှိလာသော အကျိုးအမြတ်ကို ပြည်သူများအနေဖြင့် တန်းတူရည်တူ အကျိုးအမြတ်ခံစားပိုင်ခွင့်ရရှိစေရန်နှင့် ရေရှည်တည်တန့်စေမည့် ဖွံ့ဖြိုးတိုးတက်မှုတစ်ခု ဖြစ်ပေါ်လာစေရန်အတွက် စစ်တပ်ကြီးစိုး၊ ချုပ်ကိုင်ထားသော နိုင်ငံ့စီးပွားရေးကို ပြုပြင်ပြောင်းလဲရန်လည်း အရေးတကြီးလိုအပ်နေသည်။

ရေနံနှင့် သဘာဝဓါတ်ငွေ့ ပေါကြွယ်ဝသော တခြားနိုင်ငံများတွင် ငွေကြေးစီးဆင်း လည်ပတ်မှုများကို ပြည်သူများအား ထိရောက်စွာ အသိပေးနိုင်သည့် နည်းစနစ်နှင့်လုပ်ငန်းစဉ်များ၊ လွတ်လပ်သော စီမံခန့်ခွဲမှုနှင့် စာရင်းစစ်လုပ်ငန်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ ပူးပေါင်း ပါဝင်မှုများနှင့် ငွေကြေးမျှတစွာခွဲဝေသုံးစွဲမှုများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ လိုက်နာ ဆောင်ရွက်လျှက်ရှိသည်။

ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံအနေဖြင့် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ငွေကြေးစီမံခန့်ခွဲမှုကို စနစ်တကျ တိုးတက် လုပ်ဆောင်နိုင်ရန်နှင့် သဘာဝသယံဇာတများကြောင့် ကျိန်စာသင့်နေခြင်းမှ လွတ်မြောက်နိုင်ရန်အတွက် တခြားရေနံနှင့် သဘာဝဓါတ်ငွေ့ ပေါကြွယ်ဝသော နိုင်ငံများ၏ အဓိက အရေးပါသော ငွေကြေးစီမံခွန့်ခွဲမှုကဏ္ဍများမှ လုပ်ဆောင်သင့်သော အကြောင်းအရာများကို ထုတ်နုတ် တင်ပြထားပါသည်။

# အခန်း ၁

# သဘာဝ သယံဇာတ ကျိန်စာဆို သည်မှာ

*သဘာဝသယံဇာတ ချမ်းသာ ကြွယ်ဝသော နိုင်ငံများတွင် ကောင်းမွန်သော အစိုးရ အုပ်ချုပ်မှု ရှိပါက သဘာဝ သယံဇာတမှ အလွန်များပြားသော ဝင်ငွေများကို ရရှိနိုင်ပြီး တဆက်တည်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေပြီး ဆင်းရဲမွဲတေမှုကို လျှော့ချပေး နိုင်ကြောင်း လေ့လာတွေ့ရှိ ထား သည်။ သို့သော်လည်း ညံ့ဖျင်းသော အစိုးရတစ်ရပ် ဖြစ်နေပါက သဘာဝ အရင်းအမြစ်များမှ ရရှိသော ဝင်ငွေများသည် ဆင်းရဲ မွဲတေမှုနှင့် ပဋိပက္ခ ပြဿနာများကိုသာ ဖြစ်ပေါ် စေပါသည်။[၃]*

သယံဇာတပေါ်များကြွယ်ဝသောနိုင်ငံများတွင် ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် တွင်းထွက်သယံဇာတများသည် တိုင်းပြည်၏ အဖိုးတန်လှသော ခနဉ်စွာ အရင်းအမြစ် များဖြစ်သည်။ ဤခနဉ်စွာများကို ပြည်တွင်း၌ အသုံးပြုနိုင်လျှင် စီးပွားဖြစ်ထွန်း တိုးတက်မှုကို ဖြစ်ပေါ်စေပြီး ပိုမို ကောင်းမွန်သော လူမှုဘဝ တိုးတက်မှုများကို စွမ်းအင်ထုတ်လုပ်ခြင်းမှတဆင့် ဖြစ်ထွန်းစေနိုင်သည်။ ထို့အပြင် ဤစွမ်းအင်များကို ထုတ်လုပ်ရောင်းချခြင်းဖြင့် ဝင်ငွေအမြောက် အများ ရရှိနိုင်ပြီး ရရှိငွေများကို အကျိုးရှိရှိ အသုံးပြုနိုင်လျှင် နိုင်ငံများ၏ တိုးတက်မှုများအတွက် တွန်းအားတစ်ခုဖြစ်နေပေမည်။သို့သော်ကံအကြောင်း မလှစွာ သယံဇာတ ကြွယ်ဝချမ်းသာသော နိုင်ငံအများစုသည် ၎င်းတို့၏ ခနဉ်စွာများမှ အကျိုးမခံစားရဘဲ ဆင်းရဲမွဲတေ မှုများနှင့် မတည်ငြိမ်သော လူမှုဘဝများကို ကြုံတွေ့နေရသည်။ ဤလက္ခဏာကို သယံဇာတ ကျိန်စာ (သို့မဟုတ်) "ဖုံလုံခြင်း၏ဝိရောဓိ" ဟု လူသိများသည်။ သဘာဝသယံဇာတ အရင်းအမြစ် ကြွယ်ဝမှုသည် နိုင်ငံတစ်ခုအား တိုးတက်စေရမည့်အစား အကျင့်ပျက်ခြစားမှု၊ ဖိနှိပ်ချုပ်ချယ်မှု၊ ဆင်းရဲမွဲတေမှုနှင့် ပဋိပက္ခများဆီသို့ ဦးတည်သွားစေခြင်းတို့သည် သယံဇာတကျိန်စာများ ဖြစ်သည်။

သယံဇာတ ကြွယ်ဝချမ်းသာသော နိုင်ငံအများစုသည် ဆိုးရွားသည့်အစိုးရ များ၏ အုပ်ချုပ်ခြင်းကို ခံနေရသည်။ အကျင့်ပျက်ခြစားမှုနှင့် အစိုးရ၏ တာဝန်ခံမှု မရှိခြင်းတို့ကြောင့် သဘာဝသယံဇာတ ရောင်းချခြင်းမှရရှိသော ဘဏ္ဍာငွေများကို ခိုးယူခြင်း (သို့မဟုတ်) မတရား အလွဲအသုံးပြုခြင်းခံနေ ရသည်။[၁] သယံဇာတ ရောင်းချခြင်းမှ ရရှိလာသော ဝင်ငွေများကို လူအနည်းစု ၏ လက်တွင် ဝကွက်အပ်စုပုံထားခြင်းကြောင့် လက်ရှိအစိုးရမှ နိုင်ငံ့အာဏာကို ထိန်းချုပ်ထားနိုင်သည်။ အာဏာရအစိုးရမှ အထူးသဖြင့် စစ်တပ်အားကိုးပြီး နိုင်ငံ့အာဏာကို ရယူထား သည့် အစိုးရဖြစ်ပါက ဤကဲ့သို့ ဘဏ္ဍာဝင်ငွေများကို ဝကွက်ထိန်းချုပ်ထားခြင်းသည် ဖိနှိပ်ချုပ်ချယ်သည့် အုပ်ချုပ်ရေးကို ပိုမို ဆိုးရွားစေပါသည်။ ရေနံ အဓိကထုတ်လုပ်ရောင်းချသော နိုင်ငံများ၌ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုစံနှုန်း အတက်အကျများသည် ရေနံဈေး အတက်အကျနှင့် ဆက်နွယ်မှုရှိနေသည်ကို တွေ့ရှိရသည်။[၂]

တာဝန်ခံမှုစနစ်မရှိခြင်းနှင့် အကျင့်ပျက်ခြစားခြင်းကြောင့် ငွေကြေးအမြောက် အများကို လက်တစ်ဆုပ်စာ အခွင့်ထူးခံလူနည်းစုထံသို့သာ ရောက်ရှိသွား မည်ဖြစ်ပြီး နိုင်ငံတွင်းဆင်းရဲ၊ ချမ်းသာ ကွာဟမှုကိုဆိုးဆိုးရွားရွားဖြစ် ပေါ်စေ သည်။ နောက်ဆက်တွဲအနေဖြင့် အကျင့်ပျက်ခြစားမှုကြောင့် လူမှုဖူလုံရေး ကဏ္ဍများတွင် အစိုးရ၏ သုံးစွဲမှုနည်းပါးခြင်းနှင့် ပေါင်းစပ်လိုက်သောအခါ

နိုင်ငံသားတို့၏ ဆင်းရဲမွဲတေမှုကို အရှိန်အဟုန် မြင့်တက်စေသည်။ ရရှိလာသော ဘဏ္ဍာဝင်ငွေကို ပြည်တွင်း စီးပွားရေးလုပ်ငန်းများ၊ လူသား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံခြင်းမရှိပဲ၊ သဘာဝသယံဇာတ များကို ထုတ်ယူ၊ တင်ပို့ရောင်းချခြင်းသည် တိုင်းပြည်၏ ရေရှည်ဆင်းရဲမွဲတေမှုကို ဖြစ်ပေါ်စေသည်။ အကြောင်းမှာ သဘာဝသယံ ဇာတ အများစုတို့သည် တခါသုံးဖြစ်ပြီး ပြန်လည် မမွေးဖွားနိုင်တော့ပေ။

ရရှိလာသော အကျိုးအမြတ်များကို သက်ဆိုင်သော ဒေသခံလူမျိုးများနှင့် ညီတူညီမျှ ခွဲဝေပေး ခြင်းမရှိ၍ ပဋိပက္ခများကို ဖြစ်ပေါ်စေပြီး ဖြစ်ပွားနေဆဲ ပဋိပက္ခများကို ကြာရှည်စေနိုင်သည်။ သဘာဝသယံဇာတ ထုတ်ယူသော ဒေသတွင် နေထိုင်သူ လူထုသည် သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်း၊ အသက် မွေးဝမ်းကျောင်း လုပ်ငန်းများ ပျက်စီးခြင်း၊ လေထုညစ်ညမ်းခြင်း အစရှိသည့် သံယံဇာတ ထုတ်ယူခြင်းမှ ဖြစ်ပွားရသော ဆိုးကျိုးများကိုသာ ခံစားရသည်။ သို့သော် ၎င်းတို့သည် သင့်တင့်သည့်လျော်ကြေးမရရှိသလို အလုပ်အကိုင် (သို့) သဘာဝသယံဇာတ ထုတ်ယူခြင်းမှ ရရှိသော အကျိုးအမြတ်များကို အခြားပုံစံဖြင့် ခွဲဝေသော အကျိုးခံစားခွင့်များလည်း မရရှိကြပေ။

သဘာဝသယံဇာတ ကြွယ်ဝရခြင်း၏ အခြားနောက်ဆက်တွဲ ဆိုးကျိုးကို Dutch Disease (ဒတ်ချ်ရောဂါ) ဟုခေါ်ပါသည်။ တိုင်းပြည်၏ဝင်ငွေ အလွန် အကျွံများပြားလာသောအခါ ဖြစ်ပေါ်လာသောအန္တရာယ် ဆိုးကျိုးကို ရည် ညွှန်းသုံးနှုန်းသည့် အယူအဆတစ်ခုဖြစ်သည်။ ဤစီးပွားရေး ပြဿနာ သည် အများအားဖြင့် သဘာဝသံယံဇာတများကို ရောင်းချခြင်းကြောင့် ဖြစ်သည်။ တဖန် ဖွံ့ဖြိုးရေးထောက်ပံ့ငွေကဲ့သို့သော နိုင်ငံခြားငွေများ အလွန်အကျွံ ဝင်လာခြင်းမှလည်း ဖြစ်ပွားစေနိုင်ပါသည်။ နိုင်ငံခြား ငွေများအစုလိုက် အပြုံလိုက် ဝင်လာခြင်းသည် မိမိတိုင်းပြည်၏ငွေကြေးကို တခြားတိုင်းပြည် များနှင့် နှိုင်းယှဉ်လျှင် တန်းဖိုးတက်စေသည်။ ၎င်းအခြေအနေတွင် တိုင်းပြည် စီးပွားရေး၏ အခြားသောကဏ္ဍများတွင် အလွန်ဆိုးရွားသော ဆိုးကျိုးများကို ဖန်းတီးဖြစ်ပေါ်စေသည်။[၇] ဥပမာ မိမိတိုင်းပြည်၏ ငွေကြေးတန်းဖိုး တရှိန်ထိုး မြင့်တက်မှုသည် မိမိတိုင်းပြည်၏ ပို့ကုန်ပြိုင်ဆိုင်မှုကို ဆုတ်ယုတ်စေသည်။ ယင်းကြောင့် တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုကဏ္ဍကို ကျဆင်းစေပြီး အလုပ် လက်မဲ့နှုန်းကို အများအပြား ဖြစ်ပေါ်စေသည်။




*မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်တွင် တည်ဆောက်နေသော ပိုက်လိုင်းဖြစ်သည်။ ဤပိုက်လိုင်းဖြင့် ရွှေသဘာဝဓါတ်ငွေ့ကို တရုတ်ပြည်သို့တင်ပို့မည်။*

ဓာတ်ပုံ - *Tab*

## ***ပြည်ပတင်ပို့မှု၏ အမိုက်တရား***


*ခိုင်လုံသောအထောက်အထားများ အရ ၁၉၆၀ နှင့် ၁၉၉၀ ခုနှစ်များ အကြား သဘာဝသယံဇာတ မဖူလုံ သော တိုင်းပြည်များ၏ လူတဦးချင်း ဝင်ငွေသည် သဘာဝသယံဇာတ ကြွယ်ဝပြီး အရင်းအမြစ်များကိုသာ အဓိက တင်ပို့ရောင်းချသော တိုင်း ပြည်များ၏ လူတဦးချင်း ဝင်ငွေထက် ၂ ဆ မှ ၃ ဆ အထိ ပိုမြန်သော နှုန်းထားဖြင့် တက်လာခဲ့ကြောင်း တွေ့ရှိရသည်။[၈]*




**Global Corruption Ranking 2011**

| | |
|---|---|
| 180 | Afghanistan |
| 180 | Myanmar |
| 182 | Korea (North) |
| 182 | Somalia |

* ranked out of 183 countries worldwide




## ဇယားပုံ။ မြန်မာနိုင်ငံ၏ သဘာဝဓါတ်ငွေ့ ရောင်းချခြင်းမှရရှိသော ဘဏ္ဍာငွေ

| သဘာဝဓါတ်ငွေ့မှ နှစ်စဉ်လက်ရှိဝင်ငွေ ဘဏ္ဍာရေးနှစ် (ဧပြီ-မတ်လ) | | လာမည့်နှစ်များတွင် သဘာဝဓါတ်ငွေ့မှရရှိမည့် ခန့်မှန်းခြေ ဘဏ္ဍာငွေများ* (၁ နှစ် = အမေရိကန်ဒေါ်လာ ၁.၆၅ ဘီလီယံ) | |
|---|---|---|---|
| ရတနာ၊ ရဲတံခွန်** | | ရွှေသဘာဝဓါတ်ငွေ့ | လုပ်ကွက် အမှတ် M-9 |
| ၂၀၁၁-၂၀၁၂ | US$ ၂.၉၄ ဘီလီယံ | US$ ၁.၂၅ ဘီလီယံ (နှစ်စဉ်) (၂၀၁၃ ခုနှစ် တွင် စတင် ရောင်းချမည်) | US$ ၀.၄ သန်း (နှစ်စဉ်) (၂၀၁၃ ခုနှစ်တွင် စတင် ရောင်းချမည်) |
| ၂၀၁၀-၂၀၁၁ | US$ ၂.၅၂ ဘီလီယံ | | |
| ၂၀၀၉-၂၀၁၀ | US$ ၂.၉၁ ဘီလီယံ | | |
| ၂၀၀၈-၂၀၀၉ | US$ ၂.၃၈ဘီလီယံ | | |
| ၂၀၀၇-၂၀၀၈ | US$ ၂.၅၃ ဘီလီယံ | | |
| ၂၀၀၆-၂၀၀၇ | US$ ၂.၀၃ ဘီလီယံ | | |

*တွက်ချက်မှုအပြည့်အစုံအတွက် နောက်ဆက်တွဲကိုကြည့်ရှုပါ။

** htt p://www.oxfordenergy.org/wpcms/wp-content/uploads/2011/10/NG-561.pdf

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်များအတွက် ကိန်းဂဏန်းများမှာ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့အထိသာ ဖြစ်သည်။ယင်းကိန်းဂဏန်းများကို ၂၀၁၂ ခုနှစ်ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် Eleven News ၌ဖော်ပြထားသည်။

# အခန်း ၂

# ရေနံနှင့်သဘာဝ ဓါတ်ငွေ့ကဏ္ဍ

## *မြန်မာနိုင်ငံ၏ အကြီးမားဆုံး နိုင်ငံခြားဝင်ငွေ*

မြန်မာနိုင်ငံကို အာရှတိုက်ရှိ သဘာဝသယံဇာတ အချမ်းသာဆုံးနိုင်ငံများ အနက် တနိုင်ငံတစ်ခု အဖြစ်သတ်မှတ်ထားသည်။ ရေနံနှင့်သဘာဝ ဓါတ်ငွေ့၊ ကျွန်းသစ်၊ ကျောက်မျက်ရတနာ၊ တွင်းထွက်သယံဇာစသော သဘာဝ သယံဇာတများ တင်ပို့ရောင်းချခြင်းမှ နှစ်စဉ် ဒေါ်လာဘီလီယံ ပေါင်းများစွာ ရရှိနေသည်။[၆] သဘာဝဓါတ်ငွေ့ တစ်ခုတည်းတင်ပို့ရောင်းချမှုမှာ ၂၀၀၈ ခုနှစ် နိုင်ငံစုစုပေါင်း ပို့ကုန်ပမာဏ၏ ၄၅ ရာခိုင်နှုန်းရှိပြီး မြန်မာနိုင်ငံ၏ နိုင်ငံခြားဝင်ငွေရရှိရေးတွင် အကြီးမားဆုံး သော ရင်းမြစ်တစ်ခု ဖြစ်သည်။[၇] မုတ္တမပင်လယ်ကွေ့ရှိ ရဲတံခွန်နှင့် ရတနာ ကမ်းလွန် လုပ်ကွက်များမှ ထွက်ရှိ သော သဘာဝဓါတ်ငွေ့ကို ၁၉၉၈ နှင့် ၂၀၀၀ ခုနှစ်တို့မှစ၍ ထိုင်းနိုင်ငံသို့ အသီးသီး တင်ပို့ရောင်းချလာခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ဗြိတိန်ရေနံ ကုမ္ပဏီ (BP) က မြန်မာနိုင်ငံသည် အာရှ-ပစိဖိတ် ဒေသတွင် ပိုက်လိုင်းမှတဆင့် သဘာဝဓါတ်ငွေ့ အများဆုံး တင်ပို့သူအဖြစ် သတ်မှတ်ထားပြီး ၂၀၀၇ ခုနှစ်တွင် စုစုပေါင်း သဘာဝ ဓါတ်ငွေ့ပမာဏ ၉.၇ ဘီလီယံကုဗမီတာရှိသည်ဟု ဖေါ်ပြထားသည်။ ဤပမာဏ အရဆိုပါက ယင်း နှစ်အတွင်းမှာပင် မြန်မာနိုင်ငံ သည် ကမ္ဘာ့ သဘာဝ ဓါတ်ငွေ့ အများဆုံး တင်ပို့ သော နိုင်ငံများတွင် အဆင့် (၁၁) ၌ တည်ရှိနေခဲ့သည်။

၂၀၁၀-၁၁ခုနှစ်တွင် ဓါတ်ငွေ့ရောင်းချခြင်းမှ ရရှိသည့် ဘဏ္ဍာငွေသည် ပျဉ်းမျှ (၂) ဘီလီယံကျော် ရှိသည်။ လာမည့် နှစ်များအတွင်းတွင် (၆၀) ရာခိုင်နှုန်း မြင့်တက် လာပြီး ဒေါ်လာငွေ (၄.၁)ဘီလီယံ ရရှိမည်ဟု ခန့်မှန်း ထားသည်။ မြန်မာအစိုးရ သည် ယင်းငွေ၏ (၇၀) ရာခိုင်နှုန်းကို သဘာဝ ဓါတ်ငွေ့တင်ပို့မှု၊ လုပ်ကွက်မြေ ငှားရမ်းခွင့်၊ အခွန်နှင့် ဆုကြေးငွေတို့မှ ရရှိနိုင်မည်ဟု ခန့်မှန်း ထားသည်။

ကမ်းလွန်နှင့်ကုန်းတွင်း လုပ်ကွက်ပေါင်း (၁၀၀)ကျော်ကို ရှာဖွေတူးဖေါ်ခွင့်ပြု ထားပြီးဖြစ်သဖြင့် သဘာဝဓါတ်ငွေ့မှရရှိသည့် ဘဏ္ဍာဝင်ငွေ ပမာဏမှာလည်း အရှိန် အဟုန်ဖြင့် မြင်တက်လာမည့် အလားအလာ ကောင်းများရှိနေသည်။[၈] လက်ရှိတွင် ကုန်းတွင်းလုပ်ကွက်ပေါင်း ၆၅ ခုနှင့် ကမ်းလွန် လုပ်ကွက် ၅၃ ခုရှိသည်။ နိုင်ငံခြား ရေနံကုမ္ပဏီ (၂၂) ခုကျော်သည် ကမ်းလွန်လုပ်ကွက် (၃၁) ခုတွင် လုပ်ကိုင်လျက် ရှိသည်။ ကုန်းတွင်းလုပ်ကွက် (၁၃) ခုမှာလည်း နိုင်ငံခြားကမ္ပဏီ (၁၁) ခုနှင့် ဆက်လက် လုပ်ဆောင်နေသည်။ ၂၀၁၁ ခုနှစ်တွင် လည်း ရေနံနှင့် သဘာဝဓါတ်ငွေ့ ကုန်းတွင်း လုပ်ကွက် အသစ်(၁၈) တွင်လည်း စမ်းသပ်ရှာဖွေတူးဖေါ်မှုများပြုလုပ် ရန်ခွင့်ပြုခဲ့သည်။

## မကြာမီ တင်ပို့ရောင်းချမည့် ရေနံနှင့် သဘာဝဓါတ်ငွေ့

### တရုတ်သို့တင်ပို့ရောင်းချမည့် ရွှေသဘာဝဓါတ်ငွေ့ (၂၀၁၃ ခုနှစ်)



ရွှေသဘာဝဓါတ်ငွေ့စီမံကိန်း

မြန်မာနိုင်ငံ၏ အနောက်ဖက် ရခိုင့်ကမ်းလွန်တွင်ရှိသော ၄.၅ ထရီလီယံ ကုဗပေရှိ သည့် သဘာဝ ဓါတ်ငွေ့တွင်းကြီးများမှ ဓါတ်ငွေ့များကို မြန်မာနိုင်ငံကို ဖြတ်သန်းပြီး ပိုက်လိုင်းကြီးများဖြင့် တရုတ်နိုင်ငံသို့ ၂၀၁၃ ခုနှစ်မှစတင်၍ တင်ပို့ရောင်းချသွားမည် ဖြစ်သည်။ ဤဓါတ်ငွေ့တွင်းများမှ ဓါတ်ငွေ့များကို နောင်နှစ်ပေါင်း(၃၀) တင်ပို့ ရောင်းချမည်ဖြစ်ရာ အမေရိကန်ဒေါ်လာ ၂၉ ဘီလီယံ ခန့် ဝင်ငွေရရှိမည်ဟု ခန့်မှန်း ထားသည်။ ၂၀၁၀ ခုနှစ် နိုဝင်ဘာလတွင် တရုတ် အစိုးရမှ မြန်မာအစိုးရအား အာဖရိကနှင့် အရှေ့အလယ်ပိုင်းတို့မှ

လာသောရေနံနှင့်ရွှေသဘာဝဓါတ်ငွေ့ကိုတင်ပို့မည့်ရေနံနှင့်ဓါတ်ငွေ့ပိုက်လိုင်းတည်ဆောက်ခြင်းကို အရှိန်မြှင့်နိုင်ရန်အတွက် အမေရိကန် ဒေါ်လာ ၂.၄ ဘီလီယံ ချေးငှားခဲ့သည်။[၉] ချေးငွေဆိုင်ရာ စာချုပ်ပါ အချက်အလက်များကို လူသိရှင်ကြား ထုတ်ပြန်ခြင်းမရှိပေ။ ဤစီမံကိန်းအတွက် ချေးငွေနှင့် ဓါတ်ငွေ့အတွက် ပေးချေး ငွေများအပြင် တရုတ်အစိုးရသည် မြန်မာစစ်အစိုးရအားနိုင်ငံဖြတ် သယ်ပို့ခ တနှစ်လျှင် အမေရိကန် ဒေါ်လာသန်း (၁၅၀)ဖြင့် နှစ်ပေါင်း (၃၀)အတွက် စုစုပေါင်း ဒေါ်လာ ၄.၅ ဘီလီယံပေးရမည် ဖြစ်သည်။

ရွှေဂတ်စ်စီမံကိန်း ပိုက်လိုင်း တည်ဆောက်ခြင်းနှင့်အတူ ပင်လယ်ရေနက်ဆိပ်ကမ်း စီမံကိန်း၊ ကျောက်ဖြူအထူးစီပွားရေးဇုံ စီမံကိန်းနှင့် တရုတ်နိုင်ငံသို့ ရေနံတင်ပို့ခြင်းကို ချောမွေ့စွာ လုပ်ဆောင်ပေးမည့် နိုင်ငံခြားစက်မှုလုပ်ငန်းများအား ဝန်ဆောင်မှု လုပ်ငန်းများသည် အပိုထပ်ဆောင်း ဝင်ငွေများစွာကို ရရှိစေမည်ဖြစ်သည်။ ဤစီမံကိန်းများမှ ရရှိလာမည့် ဝင်ငွေများကိုလည်း ပွင့်လင်းမြင်သာသော နည်းလမ်းများ ဖြင့် စီမံခန့်ခွဲလိမ့်မည်မဟုတ်ပေ။



ဓါတ်ပုံ- Tab

*ရွှေသဘာဝဓါငွေ့ကို တရုတ်နိုင်ငံသို့ တင်ပို့မည့် ပိုက်လိုင်း*

## ထိုင်းနိုင်ငံသို့ (၂၀၁၃)တွင် တင်ပို့ရောင်းချမည့် လုပ်ကွက်အမှတ် M9 မှသဘာဝဓါတ်ငွေ့

၂၀၁၀ ခုနှစ် ဇူလိုင်လတွင် ထိုင်းနိုင်ငံ PTT ကုမ္ပဏီနှင့် မြန်မာစစ်အစိုးရပိုင် မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း MOGE တို့သည် ဇောတိက သဘာဝဓါတ်ငွေ့တွင်း (M-9 လုပ်ကွက်) မှ  ဓါတ်ငွေ့ကို နှစ်ပေါင်း (၃၀)တင်ပို့ရန် သဘောတူစာချုပ်ကို လက်မှတ် ရေးထိုးခဲ့ကြသည်။ ဇောတိက သဘာဝဓါတ်ငွေ့ သိုက်တွင် ဓါတ်ငွေ့ ပမာဏ ကုဗပေ ၁.၅ ထရီလီယံ ရှိသည်။ ဓါတ်ငွေ့ဝယ်ယူ ရေး သဘောတူစာချုပ် အရ PTT သည် နေ့စဉ် ဓါတ်ငွေ့ ကုဗပေသန်း ၃၀၀ ထုတ်ယူမည် ဖြစ်သည်။ ၎င်းအနက် သန်း ၂၄၀ ကို PTT ပိုင် ထိုင်းနိုင်ငံသို့ တင်ပို့မှာဖြစ်ပြီး ကုဗပေသန်း ၆၀ ကိုမြန်မာနိုင်ငံ အတွက် အသုံးပြုမည် ဖြစ်သည်။[၁၀]

PTT ၏လက်အောက်ခံ ကုမ္ပဏီဖြစ်သော PTTEP သည် ဇောတိက လုပ်ကွက်ကို ၁၀၀ ရာခိုင်နှုန်းပိုင်ဆိုင်ပြီး အဓိကထုတ်လုပ်နေသူ ဖြစ်သည်။ ဤဇောတိကဓါတ်ငွေ့သိုက်မှ ဓါတ်ငွေ့များကို ၂၀၁၅ ခုနှစ်တွင် စတင်ထုတ်လုပ်မည်ဟု စီစဉ်ထား ပြီး ဓါတ်ငွေ့များကို သယ်ယူနိုင်ရန် ၆၃ ကီလိုမီတာ ရှည်လျားသော ပိုက်လိုင်းအသစ် တခုကို ရတနာပိုက်လိုင်းနှင့်အပြိုင် ထပ်မံသွယ်တန်းတည်ဆောက်မှာဖြစ်သည်။[၁၁]

ရတနာသဘာဝဓါတ်ငွေ့  ပိုက်လိုင်းတည်ဆောက်စဉ်  လူ့အခွင့်အရေးချိုးဖောက်မှုများ အကြီးအကျယ်ဖြစ်ပေါ်ခဲ့သည်။ ထိုင်းနိုင်ငံ၏ စွမ်းအင် လိုအပ်ချက် ၄၀ ရာခိုင်နှုန်းခန့်ကို မြန်မာနိုင်ငံရှိ ရတနာနှင့် ရဲတံခွန် ဓါတ်ငွေ့သိုက်ကြီးများမှ သဘာဝဓါတ်ငွေ့များဖြင့် ဖြည့်ဆည်းပေးနေသည်။[၁၂] ဤထိုင်းနိုင်ငံပိုင် PTTEP သည် အခြားလုပ်ကွက်များ ဖြစ်သော M3, M4, M7 နှင့် M11 တို့ကိုလည်း တဦးတည်း၏ပိုင်အဖြစ် လိုက်ကိုင်နေသည်။

## အိန္ဒိယသို့ မကြာမီတင်ပို့ရောင်းချမည့်သဘာဝဓါတ်ငွေ့

အိန္ဒိယနိုင်ငံသည် ရခိုင်ပြည်နယ်ရှိ (A2) လုပ်ကွက်မှ သဘာဝဓါတ်ငွေ့များကို ကုန်းတွင်းပိုင်းပိုက်လိုင်းမှတဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဖြတ်ကာတင်သွင်းရန် စီစဉ်နေ သည်။ အိန္ဒိယနိုင်ငံပိုင် (Essar Group) မှ လုပ်ဆောင်နေသော လုပ်ကွက်တွင် သဘာဝဓါတ်ငွေ့ ၁၃ ထရီလီယံထွက်ရှိမည်ဟု ခန့်မှန်းထား သည်။ (Essar Group) သည် စစ်တွေအနီးတည်ရှိသည့် ကမ်းနီးလုပ်ကွက် L တွင် ရေနံစည် သန်း ၃၃၀ ရှိသော ဟိုက်ထရိုကာဗွန် ထွက်ရှိမည်ဟု ခန့်မှန်းထားသည်။[၃၃]

## ရေနံနှင့်သဘာဝဓါတ်ငွေ့ ကဏ္ဍတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ

ဘဏ္ဍာဝင်ငွေများသည် သဘာဝဓါတ်ငွေ့ရောင်းချခြင်းမှ ဝင်လာသကဲ့သို့ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုဖြင့်လည်း ဝင်ရောက်လာနေသည်။ ၁၉၈၉ ခုနှစ်မှစ၍ မြန်မာနိုင်ငံသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများကို လမ်းဖွင့်ပေးပြီးနောက် နိုင်ငံခြားမှ တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများသည် သဘာဝသယံဇာတ ထုပ်လုပ်မှု ကဏ္ဍများတွင်စုပြုံဝင်ရောက်လာသည်။ အထူးသဖြင့်ရေနံနှင့် သဘာဝဓါတ်ငွေ့၊ ရေအားလျှပ်စစ် နှင့် သတ္တုတူးဖေါ်ရေး ကဏ္ဍများတွင်ဖြစ်သည်။ ဤငွေကြေးများသည် သယံဇာတများကို ထုပ်ယူတင်ပို့ခြင်းကို အဆင်ပြေချောမွေ့စေရန်အတွက် စီမံကိန်း အခြေခံအဆောက်အဦးများကို အကောင်ထည်ဖေါ်တည်ဆောက်ရန် အကြောင်းပြချက်ဖြင့် ဝင်ရောက်လာခြင်းဖြစ်သည်။

အစိုးရ၏ တရားဝင် ထုတ်ပြန်ထားသော ကိန်းဂဏန်းများအရ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ရေနံနှင့် သဘာဝဓါတ်ငွေ့စီမံကိန်း ၁၂ ခုတွင် နိုင်ငံခြား တိုက် ရိုက်ရင်းနှီးမြှုပ်နှံငွေ ၁၀.၈ ဘီလီယံ ရှိကြောင်း ဖေါ်ပြထားသည်။[၃၄] ဤပမာဏသည် ယင်းနှစ်အတွင်း နိုင်ငံ၏စုစုပေါင်း နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏ၏ ထက်ဝက်ကျော်ရှိသည်။ ၂၀၁၀ မေလမှစ၍ ရေနံ၊သဘာဝဓါတ်ငွေ့၊ သတ္တုတွင်း တူးဖေါ်ရေးနှင့် ရေအားလျှပ်စစ်စီမံကိန်းနှစ်ခုတို့တွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၈.၁၇၃ ဘီလီယံရှိသည်။ ကာလတလျှောက် နိုင်ငံတွင်းတရုတ်တို့၏ ရင်းနှီးမြှုပ်နှံမှုမှာ ၁၀.၄၈ ဘီလံယံရှိသည်ဟု ဖေါ်ပြထား သည်။[၃၅] ထိုင်းနိုင်ငံကလည်း ၎င်းဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၂.၄၉ ဘီလီယံရှိပြီး မြန်မာ၏နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဒုတိယအများဆုံးနိုင်ငံဖြစ်သည်။

## အကျိုးအမြတ်ခွဲဝေခြင်း၊ အပိုဆုကြေးငွေလက်မှတ်ရေးထိုးခြင်း၊ လုပ်ကွက်မြေယာငှားရမ်းခ၊ အခွန်နှင့် ဝန်ဆောင်မှုကြေး

မြန်မာနိုင်ငံတွင် ရေနံနှင့် သဘာဝဓါတ်ငွေ့ ထုတ်လုပ်ရေး ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားကုမ္ပဏီများ ချုပ်ဆိုသည့် စာချုပ်အမျိုးအစားမှာ (PSC) ခေါ် ထုတ်လုပ်မှုမှ ခွဲဝေပေးရေး သဘောတူစာချုပ် ဖြစ်သည်။ ၎င်း PSC စာချုပ်အရ မြန်မာအစိုးရသည် ရေနံနှင့်သဘာဝဓါတ်ငွေ့ များကိုပိုင်ဆိုင်ပြီး တူးဖော်ထုတ် လုပ်သည့် ကုမ္ပဏီများနှင့် အကျိုးအမြတ်ကို ခွဲဝေယူခြင်း ဖြစ်သည်။ ၎င်းစာချုပ်တွင် အစိုးရထံသို့ လုပ်ကွက်မြေယာငှားရမ်းခွင့်အတွက် ပေးချေရခြင်း၊ သဘောတူ စာချုပ်နှင့် တူးဖော်ထုတ်လုပ်မှု အဆင့်ဆင့်တွင် ချုပ်ဆိုရသော စာချုပ်များတွင် လက်မှတ်ရေးထိုးခအတွက် အစိုးရ သို့ အပိုဆုကြေးငွေများ ပေးရခြင်း၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ရောင်းရ အမြတ်ငွေများကို အစိုးရသို့ ခွဲဝေပေးရခြင်းတို့ပါဝင်သည်။ ထို့ကြောင့် လုပ်ငန်း စာချုပ်တိုင်းမှ ဒေါ်လာသန်းပေါင်းများစွာ ရရှိသည်။

# အခန်း ၃

# မြန်မာနိုင်ငံ၏ ဘဏ္ဍာငွေ တွင်းနက်ကြီး

*"ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် စစ်ဗိုလ်ချုပ် အပေါင်းအပါတို့သည် ရေနံနှင့် သဘာဝဓါတ်ငွေ့မှ ရရှိသည့် ငွေကို မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသော လူမှုအခက်အခဲများတွင် သုံးစွဲလိုသည့် ဆန္ဒမရှိပေ။ နိုင်ငံသားအများစုမှာ စားဝတ်နေရေး ခက်ခဲနေချိန်တွင် ၎င်းငွေဖြင့် လက်နက်များဝယ်ယူခြင်း၊ စစ်ခေါင်းဆောင် မိသားစုဝင်များ စင်ကာပူကဲ့သို့ နိုင်ငံခြားတိုင်းပြည်များသို့ ဈေးဝယ်ထွက်ခြင်းများ ပြုလုပ်လေ့ရှိသည်။"* [၁၆]

## အပိုင်း(၁)။ ။ သဘာဝဓါတ်ငွေ့မှ ရရှိသောဘဏ္ဍာငွေများ ဘယ်မှာထားသနည်း

မြန်မာနိုင်ငံ၏ နိုင်ငံခြားပို့ကုန်များတွင် ဝင်ငွေအများဆုံးရရှိနေသည့် သဘာဝဓါတ်ငွေ့ တင်ပို့ရောင်းချခြင်းမှ ရရှိလာသော ဘဏ္ဍာငွေများသည် တိုင်းပြည်၏ အကြီးမားဆုံးသော နိုင်ငံခြားဝင်ငွေ အရင်းအမြစ်ကြီးတစ်ခု ဖြစ်နေသော်လည်း ထိုငွေများကို ယခင်အုပ်ချုပ်ခဲ့သည့် သန်းရွှေအစိုးရနှင့် လက်ရှိ သိန်းစိန်အစိုးရ လက်ထက် နှစ်ခုလုံးတို့တွင် ပွင့်လင်းမြင်သာစွာ စီမံခန့်ခွဲခြင်း မရှိပေ။ သဘာဝ ဓါတ်ငွေ့တင်ပို့မှုမှ ရရှိသည့်ငွေကို မည်ကဲ့သို့လက်ခံရရှိသည်၊ မည်ကဲ့သို့ စီမံခန့်ခွဲထားသည်၊ မည်ကဲ့သို့ သုံးစွဲသည်ကို လူသိရှင်ကြား ထုတ်ဖော်တင်ပြလေ့ မရှိသည့်အပြင် စစ်တပ်ပိုင် ကုမ္ပဏီများ၏ သဘာဝဓါတ်ငွေ့တင်ပို့မှုမှ ရရှိသော ဝင်ငွေများ စီမံခန့်ခွဲရေးနှင့် သုံးစွဲမှုတွင် ပါဝင်ပတ်သက်နေခြင်းများကိုလည်း ရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြောဆိုခြင်းမရှိပေ။ ထို့ကြောင့် အကျိုးအမြတ်ခွဲဝေမှု လုံးဝမရှိခြင်းသည် မြန်မာနိုင်ငံ၏ သယံဇာတကျိန်စာအား ပိုမို ရှည်လျားဆိုးဝါး စေသည်။

### ပြည်သူမသိရသော ဘဏ္ဍာဝင်ငွေလမ်းကြောင်းများ

၂၀၀၁ ခုနှစ်မှစ၍ သဘာဝဓါတ်ငွေ့ တင်ပို့ရောင်းချခြင်းမှ ဝင်ငွေများ လက်ခံရရှိခဲ့သော်လည်း ယခင်အုပ်ချုပ်ခဲ့သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် လက်ရှိအစိုးရ ဦးသိန်းစိန်တို့သည် မည်ရွေ့မည်မျှ ရရှိပြီး မည်ကဲ့သို့ စီမံခန့်ခွဲသည်ကို ဖေါ်ပြခြင်းမရှိပေ။ သဘာဝဓါတ်ငွေ့ဝင်ငွေသည် ပြည်သူ့ငွေစာရင်း(သို့) အမျိုးသား ဘတ်ဂျက် ထဲသို့ ဝင်လာခြင်းမရှိချေ။ ဤသို့ဆိုလျှင် ထိုငွေများသည် မည်သည့်နေရာတွင် ရှိနေသနည်း။ ဆန်းစစ် လေ့လာသူအများစုမှ သဘာဝဓါတ်ငွေ့တင်ပို့မှုမှ ရရှိသည့်ငွေသည် နိုင်ငံခြားဘဏ်များတွင် စာရင်းဖွင့်ထားပြီး၊ ၎င်းငွေများကို စစ်ဗိုလ်ချုပ်များက လက်နက်ဝယ်ယူရေးနှင့် ကိုယ်ရေးကိုယ်တာ အတွက်သာ သုံးစွဲနေသည်ဟု ခန့်မှန်းကြသည်။

မြန်မာနိုင်ငံတွင် အုပ်ချုပ်ခဲ့သော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သည့် စစ်အစိုးရသည် သဘာဝဓါတ်ငွေ့တင်ပို့မှုမှ ရရှိသည့်ငွေကြေးများကို မည်သည့်နေရာတွင် သိုဝှက်ထားပြီး၊ မည်ကဲ့သို့ စီမံခန့်ခွဲသည်ကို ပြည်သူများကိုအသိပေး ထုတ်ပြန်ကြေငြာခြင်းများမရှိခဲ့ဘဲ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုကင်းမဲ့စွာဖြင့် ဆယ်စုနှစ်နှင့်ချီကာ အုပ်ချုပ်သွားခဲ့သည်။ ယနေ့ကာလအထိ မြန်မာပြည် သူများအပြင်၊ အဆင့်မြင့်စစ်အရာရှိများအချို့ပင် သဘာဝဓါတ်ငွေ့ တင်ပို့မှုမှ ရရှိသည့်ငွေများကို မည့်သည့်နေရာတွင်ရှိပြီး မည့်ကဲ့သို့ စီမံခန့်ခွဲထားသည်ကို မသိရှိပေ။

မြန်မာအစိုးရပိုင် မြန်မာ့ ရေနံနှင့် သဘာဝဓါတ်ငွေ့ လုပ်ငန်းဌာန၏ အရာရှိဟောင်းတဦးက ရတနာ သဘာဝဓါတ်ငွေ့စီမံကိန်းမှ ရရှိသည့်ငွေသည် မြန်မာနိုင်ငံသို့ ဝင်လာလေ့မရှိကြောင်း ပြောဆိုခဲ့သည်။ ထိုင်းနိုင်ငံမှ သဘာဝဓါတ်ငွေ့အတွက် ပေးချေရသောငွေကြေးသည် ကြားခံနေရာတစ်ခုမှတဆင့် စင်္ကာပူ၊ ဒူဘိုင်း၊ တရုတ်နိုင်ငံများရှိ ဘဏ်စာရင်းများသို့ ရောက်ရှိသွားသည်။ သဘာဝဓါတ်ငွေ့မှ ရရှိသည့်ငွေကို စစ်လက်နက်ပစ္စည်းများ ဝယ်ယူခြင်းနှင့် ပုဂ္ဂလိကပစ္စည်းများ ဝယ်ယူရာတွင် နိုင်ငံခြားဘဏ်များမှတဆင့် သက်ဆိုင်ရာ နိုင်ငံနှင့် ကုမ္ပဏီများ သို့ လွှဲပြောင်းပေး လေ့ရှိသည်။

သဘာဝဓါတ်ငွေ့တင်ပို့မှုမှ ရရှိသည့်ငွေများကို မြန်မာစစ်တပ်ပိုင် ကုမ္ပဏီများ ထိမ်းချုပ်ထားသည်ဟု စွပ်စွဲပြောဆိုမှုများ ရှိနေသည်။ ထိုင်းနိုင်ငံသို့ သဘာဝဓါတ်ငွေ့ ရောင်းချခြင်းမှ ရရှိသည့်ငွေသည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသို့ ဝင်ရောက်လာခြင်းမရှိဘဲ စစ်တပ်ပိုင် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော မြန်မာ့ စီးပွားရေး ဦးပိုင်လီမီတက်မှ ထိမ်းချုပ်ထားသည့် နိုင်ငံခြား ဘဏ်တခုတွင် ထည့်သွင်းထားကြောင်း အမေရိကန် ပြည်ထောင်စုတွင် ခိုလှုံနေသည့် စစ်ထောက် လှမ်းရေးဟောင်း ဗိုလ်မှူးအောင်လင်းထွဋ်မှ ပြောဆိုခဲ့သည် (အောက်တွင်ရှုပါ)။[၁၇] ၂၀၀၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ထုတ်ပြန်ချက်တခုတွင် ၎င်းငွေများကို စင်္ကာပူ ဘဏ်နှစ်ခု ဖြစ်သည့် (OCBC နှင့် DBS) ဘဏ်တို့တွင် အပ်နှံထားကြောင်း ဖေါ် ထုတ်ခဲ့သည်။[၁၈]

ဘဏ္ဍာရေးဆိုင်ရာ ကျွမ်းကျင်သူတဦးက မြန်မာအစိုးရသည် ထိုင်းနိုင်ငံသို့ သဘာဝဓါတ်ငွေ့ တင်ပို့ရောင်းချခြင်းမှ နှစ်စဉ် ဒေါ်လာသန်းတစ်ထောင်မှ နှစ်ထောင်ရရှိနေကြောင်း၊ သို့ရာတွင် ၎င်းငွေများကို ပြည်သူ့ဘဏ္ဍာ စာရင်းတွင် ထိန်းသိမ်းထားခြင်းမရှိကြောင်း ပြောဆိုခဲ့သည်။ ၎င်းငွေများကို ထိပ်ပိုင်း စစ်ဗိုလ် ချုပ်များသာထုတ်ယူသုံးစွဲနိုင်သည့် နိုင်ငံခြားတိုင်းပြည်များနှင့် နိုင်ငံတွင်းရှိ အချို့ဘဏ်များတွင် အပ်နှံထားသည်။[၁၉]

## ပျောက်ဆုံးနေသော ဒေါ်လာဘီလီယံပေါင်းများစွာ မြန်မာ့နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် တန်ဖိုးမဲ့နေသော ဘဏ္ဍာငွေများ

> *"မြန်မာစစ်ဗိုလ်ချုပ်တွေဟာ ပြည်သူတွေအပေါ်လူ့အခွင့်အရေးကျူးလွန်မှုကို ချိုးဖေါက်နေသလို၊ စမ်းအင်ကရရှိတဲ့ ဘဏ္ဍာငွေတွေကိုလည်း မသိနားမလည်တဲ့ပြည်သူတွေဆီက ဓါးမြတိုက်သလို အတင်းလုယူနေကြ တယ်" ဆင်တာနယ် (Sean Turnell)* [၂၀]

သဘာဝဓါတ်ငွေ့ တင်ပို့ရောင်းချခြင်းမှ ရရှိသည့်ငွေကို မြန်မာအစိုးရ ငွေလဲလှယ် နှုန်း (၁) ဒေါ်လာလျှင် (၆) ကျပ်နှုန်းဖြင့် တွက်ချက် ဖော်ပြသည်။ ပြင်ပ ပေါက်ဈေးမှာ (၁) ဒေါ်လာလျှင် ကျပ် (၈၀၀) မှ (၁၀၀၀) ကြားရှိသည့် အတွက် စာရင်းမဝင်သောငွေ ဘီလံချီ ရှိနေသည်။[၂၁] ၁၉၉၈ ခုနှစ်မှစ၍ မြန်မာစစ်ဗိုလ်ချုပ်များသည် အစိုးရ၏ တရားဝင် ငွေလဲလှယ်နှုန်းဖြင့် သဘာဝဓါတ်ငွေ့ ရောင်းချခြင်းမှရရှိသည့် ဘဏ္ဍာငွေ ဘီလီယံနှင့်ချီကာ ဝှက်ထားနိုင်သည်။ မြန်မာအစိုးရသည် ထိုင်းနိုင်ငံသို့ ဓါတ် ငွေ့ရောင်းချခြင်းမှ နှစ်စဉ်ဒေါ်လာ သန်းနှစ်ထောင်ကျော် ရရှိနေသည်။ ရတနာ၊ ရဲတံခွန် သဘာဝဓါတ်ငွေ့စီမံကိန်းများမှရရှိသည့် ငွေအမြောက်အမြားကို ထိပ်ပိုင်းစစ်ဗိုလ်ချုပ်များမှ သိုဝှက်ထားသည်။[၂၂]


၎င်းငွေလဲလှယ်နှုန်းစနစ်ကိုအခြေခံ၍ မြန်မာစစ်အစိုးရသည် ၂၀၀၀ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ တင်ပို့ခဲ့သော ရတနာဓါတ်ငွေ့မှရရှိခဲ့သည့် ဘဏ္ဍာငွေမှ ၉၉ ရာခိုင်နှုန်း (ခန့်မှန်းခြေ အမေရိ ကန်ဒေါ်လာ ၄.၈၀ ဘီလီယံ မှ ၄.၈၃ဘီလီယံ) ကို သိုဝှက်ထား သည်။ ရတာနာစီမံကိန်းတစ်ခုတည်းမှ အမျိုးသားငွေစာရင်းထဲသို့မရောက်ခဲ့သော ဓါတ်ငွေ့တင်ပို့ငွေများမှာ ကလေး သန်းသုံးဆယ် အတွက်စာသင်ကျောင်း၂၀၀၀၀၀ကျော်ကိုတည်ဆောက်နိုင်မည်ဖြစ်သည်။[၂၃]



*စစ်ဗိုလ်ချုပ်ဟောင်းများ*

## အကျင့်ပျက် ခြစားမှု

လျှို့ဝှက်ထားမှုနှင့် တာဝန်ယူမှု ကင်းမဲ့သော ယန္တရားသည် ရေနံနှင့် သဘာဝဓါတ်ငွေ့မှ ရရှိသည့် ဘဏ္ဍာအခွန်များ အကျင့်ပျက်ခြစားမှုကို ဖြစ်ပေါ်စေသည်။ နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့ (Transparency International) ၏ အကျင့် ပျက် ခြစားမှုဆိုင်ရာ ၂၀၁၁ ခုနှစ်ထုတ်ပြန်ချက်တွင် နိုင်ငံပေါင်း ၁၈၃ နိုင်ငံတွင် မြန်မာနိုင်ငံသည် အဆင့် ၁၈၀ တွင် ရှိသည်။ ၂၀၀၉ ခုနှစ်က ထွက်ပေါ်လာသော ဝီကီလိ သတင်းပေါက်ကြားမှုတွင် မြန်မာ့စစ်ခေါင်းဆောင် သန်းရွှေသည် ကမ္ဘာ့ဈေးအကြီးဆုံး ဘောလုံးအသင်းတစ်ခုဖြစ်သည့် မန်ချက်စတာယူနိုက်တက် ဘောလုံးအသင်းအား အမေရိကန်ဒေါ်လာ (၁) ဘီလီယံနှင့် ဝယ်ယူရန် စဉ်းစားနေကြောင်း ဖော်ပြခဲ့သည်။ ထိုသို့ဝယ်ယူရန် စစ်ခေါင်းဆောင်များ အနေဖြင့် ၎င်းငွေများကိုမည်သည့်နေရာမှရရှိမည်ကို စဉ်းစားစရာ ဖြစ်သည်။



ဓါတ်ပုံ- Xinhua

*တရုတ်နိုင်ငံ ဒုတိယ သမတ မြန်မာနိုင်ငံကို ၂၀၀၉ ခုနှစ်တွင် လာရောက်လည်ပတ်စဉ် ရေနံနှင့်သဘာဝဓါတ်ငွေ့အပါ အဝင် စီးပွားရေးစာချုပ်များကို ချုပ်ဆိုခဲ့သည်*

## သန်းပေါင်းများစွာအဖိုးတန်သော စာချုပ်နှင့် အပိုဆုကြေးငွေများကို ထိမ်ချန်ထားခြင်း

သဘာဝဓါတ်ငွေ့မှ ရရှိသည့် ဘဏ္ဍာငွေများကို လျှို့ဝှက်ထားခြင်း၊ သဘာဝဓါတ်ငွေ့ ရောင်းရငွေများကို မည်သည့်နေရာမှာထားရှိသည်ကို ပြည်သူများ သိရှိနိုင်ရန် ဖော်ပြထားခြင်း မရှိသည့်အပြင် ရေနံနှင့်သဘာဝဓါတ်ငွေ့ ရှာဖွေတူးဖေါ်ထုတ်ယူရန်အတွက် လက်မှတ်ရေးထိုးရသော ထုတ်လုပ်မှု ခွဲဝေရေး သဘောတူစာချုပ်တစ်ခုစီအတွက် လက်မှတ်ရေးထိုးခ ဆုကြေးငွေများကို လည်း ကုမ္ပဏီများက စစ်အစိုးရအား မည်မျှပေးချေခဲ့သည်ကိုလည်း လူသိရှင်ကြား ထုပ်ဖေါ်ပြောဆိုမှုမရှိပေ။ ၁၉၈၈ ခုနှစ်မှစ၍ မြန်မာနိုင်ငံသည် ဒေါ်လာ သန်းချီ တန်သော လုပ်ငန်းစာချုပ်ပေါင်း ၄၀ ကျော်ကို လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းလုပ်ငန်းစာချုပ် ရေးထိုးမှုနှင့်ပတ်သက်၍ ကုမ္ပဏီများ အနေဖြင့်မည်သူ့ကိုမည်မျှပေးရသည်ကိုဖေါ်ပြခြင်းမရှိဘဲလျှို့ဝှက်ထားသည်။

၁၉၉၂ ခုနှစ်တွင် မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းနှင့် ပြင်သစ်နိုင်ငံ အခြေစိုက် တိုတယ်လ် ကုမ္ပဏီတို့၏ (PSC) စာချုပ်အရ တိုတယ်လ် ကုမ္ပဏီသည် မြန်မာအစိုးရပိုင် ကုမ္ပဏီသို့ ရတနာစီမံကိန်း (PSC) စာချုပ်အတွက် လက်မှတ်ရေးထိုးခ ဆုကြေးငွေ ဒေါ်လာ ၁၅ သန်း ပေးအပ်ခဲ့ရသည်။[၂၄] ၂၀၀၇ ခုနှစ်တွင် တရုတ်ကုမ္ပဏီ (CNPC) သည် သဘာဝဓါတ်ငွေ့ လုပ်ကွက် AD-1 နှင့် AD-8 ထုပ်လုပ်ခွင့်ရရှိရေးအတွက် လက်မှတ်ထိုးခြင်း အပိုဆုကြေးငွေ ဒေါ်လာ ၁၀ သန်းနှင့် ဒေါ်လာ (၂) သန်း ကို မြန်မာအစိုးရ ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းသို့ ပေးအပ်ခဲ့ရသည်။ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီတွင် မြန်မာ့စစ်တပ်မှ အရပ်သားများနှင့် တိုင်းရင်းသား ဒေသအတွင်း တိုက်ခိုက်နေ မှုကို ရပ်ဆိုင်းရန်နှင့် နိုင်ငံရေးအရ တွေ့ဆုံဆွေး နွေးမှုစတင်ရန် ဆုံးဖြတ်ချက်ကို တရုတ်နိုင်ငံမှ ဗီတိုအာဏာဖြင့် ပယ်ချပြီး သုံးရက်အကြာတွင် တရုတ်ကုမ္ပဏီမှ သဘာဝဓါတ်ငွေ့ ထုတ်လုပ်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။[၂၅]

# အပိုင်း(၂)။ ။ ဓါတ်ငွေ့ဘဏ္ဍာငွေ နှင့် စစ်တပ်ထိမ်းချုပ်မှု

**လက်နက်ဝယ်ယူမှုနှင့် စစ်တပ်တည်ဆောက်မှုအတွက် ဓါတ်ငွေ့ဘဏ္ဍာငွေများ**

မြန်မာနိုင်ငံသည် ပြည်ပရန်မရှိသော်လည်း ၁၉၈၈ နှစ်ကတည်းကပင် မြန်မာ့ စစ်တပ်၏ စစ်သားဦးရေးမှာ ယခင်ကထက် မြင့်တက်သွားပြီးယခုအချိန်တွင် ခန့်မှန်းခြေစစ်သားဦးရေ ၄၉၂၀၀၀ ဖြင့် ဒေသတွင်းတွင် အကြီးဆုံးသော စစ်တပ်ဖြစ်သည်။ ပြည်သူများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှု၊ သတ်ဖြတ်မှု၊ အဓမ္မပြုကျင့်မှုများကို မြန်မာစစ်တပ်မှ ယနေ့ထိတိုင် ကျူးလွန်နေသည်။ ရေနံနှင့် သဘာဝဓါတ်ငွေ့ ရောင်းချခြင်းမှ ရရှိသည့် ဘဏ္ဍာငွေကြေးများသည် မြန်မာပြည်အတွက် အများဆုံး နိုင်ငံခြား ဝင်ငွေဖြစ်ပြီး ၄င်းငွေများဖြင့် စစ်တပ်ကို ခေတ်မီလက်နက်များ တပ်ဆင် အသုံးပြုနေသည်။

ဓါတ်ငွေ့ဘဏ္ဍာငွေများကို ပုံအောပြီးရရှိသည်နှင့်တစ်ပြိုင်နက် စစ်တပ်အတွက် သံချပ်ကာကားများ၊ တိုက်လေယာဉ်များ၊ စစ်သုံးလေယာဉ်များ၊ ရေဒါစနစ်များ၊ မြေပြင်မှဝေဟင်ပစ်ဒုံးကျဉ်များ၊ ဝေဟင်မှ ဝေဟင်ပစ် တာတိုဒုံးကျဉ် စနစ်များကို ဝယ်ယူလာခဲ့သည်။[၂၆] ၁၉၉၈ ခုနှစ် ရတနာဓါတ်ငွေ့သိုက်မှ ဓါတ်ငွေ့များကို ထုတ်လုပ်ပြီး ယင်းဓါတ်ငွေ့များကို ထိုင်းနိုင်ငံသို့တင်ပို့ခ ပေးချေငွေကိုရရှိပြီးနောက် သန်းရွှေစစ်အစိုးရသည် စစ်လက်နက်ပစ္စည်းများကို အချိန် အဟုန်ဖြင့် ဝယ်ယူခဲ့ သည်။ ၎င်းစစ်လက်နက်ပစ္စည်းများအတွက် ဘီလီယံပေါင်းများစွာကို အသုံးပြုပြီး တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ပါကစ္စတန်၊ မြောက်ကိုးရီးယား၊ ယူကရိန်းနှင့် အစ္စရေးတို့ထံမှ အဆင့်မြင့် ခေတ်မီလက်နက်များကို မှာယူတင်သွင်း ဝယ်ယူ ခဲ့သည်။[၂၇] ရတနာဓါတ်ငွေ့ စီမံကိန်းမှ ပထမအရစ် ဒေါ်လာသန်း ၁၀၀ ရရှိပြီးနောက် ရုရှားနိုင်ငံထုတ် MIG 29 ဂျက်တိုက်လေယဉ် ၁၂ စင်းဝယ်ယူခဲ့သည်။[၂၈] သန်းရွှေစစ်အစိုးရသည် ၂၀၀၇ ခုနှစ် တွင် ၁၀ မီဂါဝပ်ရှိ အနုမြူသုတေသန ဓါတ်ပေါင်းဖိုတခု တည်ဆောက်ရန်လည်း ရုရှားနိုင်ငံနှင့် စာချုပ်ချုပ်ဆိုခဲ့သည်။

၂၀၀၉ ခုနစ်တွင် ကုလသမဂ္ဂ၊ အာဆီယံနှင့် မြန်မာအစိုးရ ပူးပေါင်းထားသည့် သုံးပွင့်ဆိုင်အဖွဲ့သည် နာဂစ် မုန်တိုင်းဒဏ်သင့် ပြည်သူ (၁၀၀၀၀၀) ကျော်အတွက် လူသားချင်းစာနာမှုအရေးပေါ် အထောက်အကူအတွက် ဒေါ်လာသန်းပေါင်း ၆၉၃ ရှာဖွေနေစဉ် စစ်ခေါင်းဆောင်တို့သည် ရုရှားနိုင်ငံမှ ဒေါ်လာ သန်းပေါင်း ၆၁၀ တန်ဖိုးရှိ MIG 29 ဂျက်တိုက်လေယဉ် အစီးရေ ၂၀ နှင့် Mi-35 တိုက်ခိုက်ရေး ရဟတ်ယာဉ်များကို ဝယ်ယူခဲ့သည်။ [၂၉]

## မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း(MOGE)

ရာခိုင်နှုန်းပြည့် နိုင်ငံပိုင်ဖြစ်သော မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း(MOGE) သည် မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓါတ်ငွေ့တွင် ရင်းနှီးမြှုပ်နှံမှု လုပ်နေသည့် နိုင်ငံခြား ကုမ္ပဏီများနှင့် အစုအစပ် လုပ်ပိုင်ခွင့်ရှိသော တခုတည်းသော ကုမ္ပဏီဖြစ်သည်။ နိုင်ငံခြား ကုမ္ပဏီများနှင့် လုပ်ငန်းသဘောတူ စာချုပ်ချုပ်ဆိုရာမှ ဒေါ်လာသန်းချီရနေသည့် (MOGE) သည် မြန်မာနိုင်ငံ အတွက် အများဆုံး ငွေရှာပေးနေသော ကုမ္ပဏီ တခုဖြစ်သည်။ (MOGE) သည် ပြည်တွင်းရေနံနှင့် သဘာဝဓါတ်ငွေ့ရှာဖွေရေး၊ ပြည်တွင်း ပိုက်လိုင်းတည်ဆောက်မှုကို နိုင်ငံခြားကုမ္ပဏီများနှင့် ပူးတွဲတာဝန်ယူရသော ကုမ္ပဏီ ဖြစ်သည်။[၃၀] (MOGE) သည် စွမ်းအင်ဝန်ကြီးဌာနအောက်တွင် ရှိပြီး ဗိုလ်မှူး ချုပ်ဟောင်း သိန်းဌေးက ဝန်ကြီးအဖြစ် တာဝန် ယူလျက်ရှိသည်။

(MOGE)သည်ရေနံနှင့် သဘာဝဓါတ်ငွေ့ရောင်းချခြင်းမှရရှိသည့်ငွေများကိုတရားဝင်လက်ခံရရှိပြီး မည်သို့မည်ပုံ စီမံခန့်ခွဲသည်ကို ထုတ်ဖေါ်ပြောဆိုခြင်း မရှိပေ။ ပေါက်ကြားထားသော ၂၀၀၃ ခုနှစ်အထိ ရတနာသဘာဝဓါတ်ငွေ့စီမံကိန်းမှ ထိုင်းနိုင်ငံသို့ တင်ပို့ခ ပေးချေငွေစာချုပ်များအရ ရတနာသဘာဝဓါတ်ငွေ့ တင်ပို့မှုမှ ရရှိသောဝင်ငွေများကို (MOGE) စင်္ကာပူဘဏ်များတွင် အပ်နှံထားကြောင်းသိရ သည်။ ၎င်းဘဏ်စာရင်းများကို (MOGE) သို့မဟုတ် စစ်တပ်ပိုင် ကုမ္ပဏီများ ဖြစ်သည့် မြန်မာ့စီးပွားရေး ဦးပိုင်လီမီတက်(UMEHL)နှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC)တို့အနက် မည်သည့် ကုမ္ပဏီမှ စီမံခန့်ခွဲသည်ကို မသိရပေ။

## ဓါတ်ငွေ့ဘဏ္ဍာငွေကြေးများကို စစ်တပ်ပိုင်စီးပွားရေးလုပ်ငန်းများမှ ထိမ်းချုပ်ထားသလား

ဦးပိုင်လီမိတက်ခေါ် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (UMEHL) သည် စစ်တပ်ပိုင် စီးပွားရေးလုပ်ငန်း တစ်ခုဖြစ်ပြီး စစ်တပ်၏ ပင်စင်ရန်ပုံငွေများကိုစီမံခန့်ခွဲသည်။ ဤဦးပိုင်လီမိတက်ကို ၁၉၉၀ ခုနှစ်တွင် စစ်တပ်က ဖွဲ့စည်းထူထောင်ထားပြီး စစ်အရာရှိများက ဦးစီးဦးဆောင်စီမံခန့်ခွဲနေသည်။ ၁၉၈၈ ကျောင်းသားအရေး တော်ပုံကြီးကို နှိမ်နင်းပြီးသည့်နောက် ဦးပိုင်လီမိတက်သည် မြန်မာနိုင်ငံ၏ ပထမဆုံးသော စစ်တပ်ထိမ်းချုပ်သည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်လာခဲ့သည်။ ဤဦးပိုင် လီမိတက်ကုမ္ပဏီ၏ အစုရှယ်ယာ (၄၀%) ကို စစ်ရုံးချုပ်က ပိုင်ဆိုင်ထားပြီး မြန်မာစစ်အစိုးရတွက် အဓိက လက်နက်မှောင်ခိုတင်သွင်းသူအဖြစ် လူသိများသည်။[၂၀] ကျန် ၆၀ ရာခိုင်နှုန်းကို ဒေသဆိုင်ရာ စစ်တိုင်းများ၊ စစ်တပ်မှ တာဝန်ထမ်းဆောင်ဆဲ အရာရှိကြီးငယ်များ၊ စစ်တပ် အဖွဲ့အစည်းပေါင်း ၁၄၆၇ ခု၊ အရာရှိ ၆၀၆၉ ဦးနှင့် အငြိမ်းစား စစ်တပ် အဖွဲ့အစည်းပေါင်း ၈၉ ခု ကော်မီတီများ က ပိုင်ဆိုင်ထားသည်။[၂၁] ရေနံနှင့်သဘာဝဓါတ်ငွေ့ ဘဏ္ဍာငွေများမှာ စစ်အစိုးရ အတွက် အကြီးမားဆုံးသော ဝင်ငွေလမ်းကြောင်းကြီး တစ်ခုဖြစ်သည့်အားလျော်စွာ ဦးပိုင်လီမိတက်သည် ၎င်းရေနံနှင့် သဘာဝဓါတ်ငွေ့များမှ ရရှိသည့်ငွေများဖြင့် မြန်မာစစ်အစိုးရအတွက် စစ်လက်နက်ပစ္စည်းများ ဝယ်ပေးနေသည်ဟုခိုင်ခိုင်မာမာယုံကြည်ထားကြသည်။[၂၂]



ဤဓါတ်ပုံ(၂၀၁၀ခုနှစ်ရိုက်ကူးထားသောပုံ) တွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ ယခင် ဥက္ကဌဖြစ်သူ တင်အေး (ယာ) နှင့် POSCO ကုမ္ပဏီဥက္ကဌ(ဝဲ) တို့နှစ်ဦး နှစ်ဘက် ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးနေကြခြင်း ဖြစ်သည်။ POSCO သည် ဒေဝူးနိုင်ငံတကာ (Daewoo Int-ernational) အားမကြာသေးခင်က ဝယ်ယူထိမ်းချုပ် ထားသည်။ မြောက်များစွာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှာ စစ်တပ်ပိုင်စီးပွားရေးလုပ်ငန်းလမ်းကြောင်းမှတဆင့်ဝင်ရောက်လာခြင်းဖြစ်သည်။
ဓါတ်ပုံ (er.asia.co.kr)

မြန်မာနိုင်ငံတွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ ရှာဖွေ၊တူးဖော် ထုတ်လုပ်ရောင်းချခြင်းအပါအဝင် တခြားသဘာဝ သယံဇာတကဏ္ဍများကိုလည်း တာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် စစ်ဗိုလ်ချုပ်ဟောင်းများက ဦးဆောင်နေသည့် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများက တာဝန်ယူလုပ်ဆောင်နေသည်။ နိုင်ငံပိုင်ကုမ္ပဏီ ၄၆ ခုသည် ကျွန်းသစ်၊ ကျောက်မျက်၊ ရေနံနှင့် သဘာဝဓါတ်ငွေ့၊ သတ္တုတူးဖော်ရေးတို့မှ ရရှိသည့် နိုင်ငံ့အခွန် ဘဏ္ဍာငွေများကို စစ်ခေါင်းဆောင်များသို့ ပံ့ပိုးပေးနေရသည်။ ၂၀၀၇ ခုနှစ်တွင် မြန်မာ့ရင်းနှီးမြှုပ်နှံမှု အုပ်စု၏ အဆိုအရ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကုမ္ပဏီများသည် ဒေါ်လာ (၃) ဘီလီယံ အကျိုးအမြတ် ရရှိကြောင်း ဖော်ပြခဲ့သည်။[၂၃]

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် တခြားစစ်တပ်ပိုင် စီးပွားရေးလုပ်ငန်း တစ်ခုဖြစ်သည့် မြန်မာ့စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ တို့နှစ်ခုသည် မြန်မာ့၏ အဓိကစီးပွားရေးလုပ်ငန်း ကဏ္ဍများ ဖြစ်သော ကျောက်မျက်ရတနာတူးဖေါ်ရေး၊ အထည်အလိပ်စက်ရုံများ၊ သစ်ထုပ်လုပ်မှုများ၊ စားသောက်ကုန်နှင့် အဖျော်ယမကာလုပ်ငန်းများ၊ ကုန်တိုက်၊ ဘဏ်လုပ်ငန်း၊ ဟော်တည်နှင့်ခရီးသွားလာ ရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ သံမဏိထုတ်လုပ်မှုလုပ်ငန်း၊ ပို့ဆောင်ရေး လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဘိလပ်မြေလုပ်ငန်း၊ မော်တော်ကား ထုတ် လုပ်မှုလုပ်ငန်း၊ အလှကုန်ပစ္စည်းထုပ်လုပ်မှုလုပ်ငန်းနှင့် ကုန်သွယ်မှု လုပ်ငန်း စသည်တို့ကို နှစ်ပေါင်း (၂၀) ကျော် လုပ်ကိုင်လာခဲ့ကြသည်။[၂၅] အဓိကနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အများစုသည် ဤဦးပိုင်လီမိတက်နှင့် ပေါင်းစပ်လုပ်ကိုင်ခြင်းဖြင့် ပြည်တွင်းထဲသို့ ဝင်ရောက်သည်။[၂၆] ၁၉၉၉ ခုနှစ်ကတည်းကပင် တည်ထောင်ထားသော ဦးပိုင်လီမိတက်သည် အကျိုးတူစီးပွားရေးလုပ်ငန်း (၅၀) ကျော်ကို နိုင်ငံခြားကုမ္ပဏီများနှင့် ဆက်စပ်လုပ်ကိုင်လာလျက်ရှိသည်။ ယခုအချိန်တွင် ဦးပိုင်

လိမိတက်သည် စုစုပေါင်း စီးပွားရေးလုပ်ငန်း ၃၈ ခုကိုပိုင်ဆိုင်ထားပြီး နိုင်ငံခြား ကုမ္ပဏီများနှင့် အကျိုးတူစီးပွားရေးလုပ်ငန်း ၉ ခုကိုလည်း ထိမ်းထား သည်။[၃၇]

၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် ပြည်တွင်းအခွန်များဦးစီးဌာနမှ ကုမ္ပဏီများ အခွန် ရှောင်ရှားခြင်းကို ထိမ်းချုပ်ရန် အခွန်ဥပဒေကို ထုတ်ပြန်သော်လည်း မြန်မာ့ စီးပွားရေးဦးပိုင်နှင့် အခြားသော အစိုးရပိုင် ကုမ္ပဏီများသည် အခွန် ကင်းလွတ် ခွင့်ရရှိခဲ့ကြပြီး မည်သည့်အခွန်မှ ပေးဆောင်ရန် မလိုအပ်ပေ။[၃၈]

## မြန်မာ့လက်နက်မှောင်ခိုရာဇာ နှင့် မြောက်ကိုးရီးယားဆက်နွယ်မှု

မြန်မာစီးပွားရေးဦးပိုင်လီမိတက်၏ ဥက္ကဌဖြစ်သူ (၂၀၀၂-၂၀၁၀) ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေးသည် မြန်မာ့စစ်တပ်တွင် ထိပ်ဆုံးအဆင့် (၅) နေရာ တွင် တာဝန်ယူလုပ်ဆောင်ခဲ့သူလည်း ဖြစ်သည်။ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးသည် စစ်လက်နက် များနှင့် စစ်သုံးပစ္စည်းများဝယ်ယူရန် တရုတ်၊ မြောက်ကိုးရီးယား၊ ရုရှားနှင့် ယူကရိန်းနိုင်ငံများသို့ သွားရောက်ခဲ့သည်။ ၂၀၀၈ ခုနှစ် တွင် တင်အေးသည် မြန်မာ့စစ်ဦးစီးချုပ်နှင့်အတူ မြန်မာ-မြောက်ကိုးရီးယား နှစ်နိုင်ငံကြား စစ်ရေးအရ ပူပေါင်းဆောင်ရွက်ရေး ပုံမှန် ဖြစ်စေရေးအတွက် ကြိုးပမ်းရန် မြောက်ကိုးရီးယားသို့ သွားရောက်ခဲ့ သည်။[၃၉] ၂၀၁၀ ခုနှစ် အစောပိုင်းတွင် ရုရှားက MI-29 အမျိုးအစား တိုက်လေယာဉ် အစီးရေ (၂၀) ကို ဝယ်ယူ တင်သွင်းရေးတွင် တင်အေးသည် အဓိက တာဝန်ယူခဲ့ သူဖြစ်သည်။

တင်အေးသည် ၂၀၁၀ နိုဝင်ဘာ စစ်တပ်ထိမ်းချုပ်ခဲ့သော ရွေးကောက်ပွဲ မတိုင်မီစပ်ကြားတွင် ရွေးကောက်ပွဲကော်မရှင် ဥက္ကဌအဖြစ်လုပ်ကိုင်ရန် စစ်တပ်မှ အနားယူခဲ့သည်။ ယခုအခါ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးက ဥက္ကဌအဖြစ် ဆောင်ရွက် နေသည်။ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ဇော်ဦးသည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအပေါ် သစ္စာရှိသူဖြစ်ပြီး ဦးပိုင်ကုမ္ပဏီအပေါ် အဓိကဩဇာအာဏာ လွှမ်းမိုးထားသူ ဖြစ်သည်။[၄၀]

မြန်မာ့စီးပွားရေး ဦးပိုင်သည် မြောက်ကိုးရီးယား ဘဏ်တခုဖြစ်သည့် (Kwangson Banking Corporation) သို့ ငွေကြေးလွှဲပြောင်းပေးခြင်း ဆက်ဆံမှုများရှိသည်။ ၎င်းဘဏ်သည် အမေရိကန် အစိုးရ ဘဏ္ဍာရေးဌာန၏ စီပွားရေးပိတ်ဆို့မှု စာရင်းဝင် ဘဏ်တခုဖြစ်ပြီး မြန်မာအစိုးရနှင့် တခြား နိုင်ငံများသို့ လက်နက် ရောင်းချရာတွင် သံသယအဖြစ်ခံရသော အဓိက ဘဏ်ဖြစ်သည်။[၄၁] ၂၀၁၀ အတောအတွင်း မြန်မာသည် မြောက်ကိုး ရီးယားမှ လက်နက်ကျွမ်းကျင်သူများ ထိုင်းနိုင်ငံသို့ရောင်းချသည့် ဓါတ်ငွေ့ဘဏ္ဍာ ငွေများဖြင့် အခကြေးငွေ ပေးဆောင်ခဲ့သည်။ ယင်းမြောက်ကိုးရီး လက်နက်ကျွမ်းကျင်သူများက တောင်ကိုးရီးယား စီးပွားရေးလုပ်ငန်းရှင်များ ပုံစံဖြင့်ဟန်ဆောင်ကာ မြန်မာသို့လာရောက်ခဲ့ပြီး ဒုံးကျည်နည်းပညာ များအတွက် မြန်မာအစိုးရနှင့် အပေးယူလုပ်ခဲ့သည်။ မြန်မာသည် မြောက်ကိုးရီးယားထံမှ နျူးကလီးယားနည်းပညာများ ရယူနေသည်ဟုပြောဆိုမှုများရှိနေသည်။[၄၂] တဖန် မြောက်ကိုးရီးယား အင်ဂျင်နီယာများကလည်း မြန်မာနိုင်ငံမြို့တော် နေပြည်တော်တွင် မြေအောက်ဦးမင်လိုင် ခေါင်း အရေအတွက် ၆၀၀ မှ ၈၀၀ ခန့်နှင့် မြေအောက်အဆောက်အဦးများ တည်ဆောက်ရာတွင် ကူညီဆောင်ရွက် ပေးနေသည်ဟု သိရသည်။[၄၃] ဝီကီလိခ် သတင်းပေါက်ကြားမှု (wikileaks) မှ ထုတ်ဖေါ်ခဲ့သော အမေရိကန် သံတမန် ဆက်သွယ်ရေး သတင်းအရ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သည် ဆန်စပါး နှင့် တခြားသော လယ်ယာစိုက်ပျိုးရေးကုန်ကြမ်းပစ္စည်းများကို စစ်လက်နက် များနှင့် အလဲအလှယ်ပြုလုပ်ရန်အတွက် မြောက်ကိုးရီးယားကိုတင်ပို့ခဲ့သည်ဟုသိရ
သည်။[၄၄]



*မြန်မာနှင့်မြောက်ကိုးရီးယားဆက်နွယ်မှု၊ ၂၀၀၈*
*မြောက်ကိုးရီးယားခရီးစဉ်*

## အပိုင်း ၃။ ။တကယ်ပြောင်းလဲနေပြီလား

### အစိုးရသစ်အတွင်းအရေးပါသော ရာထူးများကို စစ်တပ်အရာရှိဟောင်းများ ထိမ်းချုပ် ထားခြင်း



လွှတ်တော်ထဲအမတ်နေရာ၂၅% ကို စစ်တပ်မှ တိုက်ရိုက်ရယူထားသည့်အပြင် တခြားနေရာ ၅၈%ကိုလည်းစစ်တပ်ကျောထောက်နောက်ခံ ကြံ့ဖွံ့ပါတီကချုပ်ကိုင်ထားသည်။(ဓါတ်ပုံ AFP)

စစ်တပ်မှ ဦးဆောင်ကျင်းပခဲ့သည့် ၂၀၁၀ ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာသည့် လွှတ်တော်ကို ၂၀၁၁ မတ်လတွင် စတင်ခဲ့သည်။ ဦးသိန်းစိန်အပါအဝင် စစ်တပ် ထိပ်ပိုင်းခေါင်းဆောင်များသည် အစိုးရဝန်ကြီးအဖွဲ့ဝင် ၃၅ ဦးအနက် ၂၈ ဦးမှာ အစိုးရသစ်အတွင်း အရေးပါသော ရာထူးများကို ရယူထားကြသည်။အဆိုပါစစ်အရာရှိဟောင်းများသည်ရွေးကောက်ပွဲမတိုင်မီ သီတင်းပတ်အချို့ အလိုမှသာ ၎င်းတို့၏ စစ်ရာထူးများမှ နုတ်ထွက်လိုက်သူများဖြစ်သည်။

အစိုးရသစ်လက်အောက်တွင်ရှိသော အကြီးမားဆုံး ဘဏ္ဍာငွေရှာဖွေရေး ကဏ္ဍများ ဖြစ်ကြသည့် စွမ်းအင်၊ သတ္တုတွင်းတူဖော်ရေးနှင့် လျှပ်စစ်စွမ်းအင်ကဲ့သို့သော ဝန်ကြီးဌာန များကို စစ်ဗိုလ်ချုပ်ဟောင်းများက ဦးဆောင်နေသည်။ ပြည်တွင်းသွင်းကုန်၊ ပြည်ပထုတ်ကုန် အခွန်ဘဏ္ဍာများကို စီမံခန့်ခွဲရာ၌ အရေးပါသော ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနကိုလည်း သန်းရွှေအစိုးရလက်အောက်တွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ဝန်ကြီးအဖြစ် လုပ်ကိုင်ခဲ့သော ဦးလှထွန်းက အလားတူပင် ဝန်ကြီးအဖြစ် ဆောင်ရွက်နေသည်။

ရွေးကောက်ပွဲက စစ်ရာထူးများကိုပိုမို တည်မြဲခိုင်ခန့်အောင် ပြုလုပ်ပေးခဲ့ပြီးနောက် စစ်တပ်နှင့် ၎င်း၏ကုမ္ပဏီများအတွက် အခွင့်ထူးများနှင့် အကာအကွယ်များကိုလည်း တရားဝင်ဖြစ်စေရန် အောက်ဖော်ပြပါ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်ထားသည်။

### ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုနှင့် ပွင့်လင်းမြင်သာမှုမရှိခြင်း

၂၀၁၁ ခုနှစ်တွင် အမျိုးသားဘဏ္ဍာငွေခွဲဝေမှုကို ဆယ်စုနှစ်များစွာအတွင်း ပထမဆုံး အကြိမ်အဖြစ် လူသိရှင်ကြားထုတ်ပြန်ခဲ့သည်။[၄၅] ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးကို ဥပဒေပြုလွှတ်တော်၏ ဇန်နဝါရီ ၃၁ ရက်နေ့ ပထမအကြိမ်အစည်းအဝေးကို မကျင်းပမီ စစ်တပ်က ပြဋ္ဌာန်းပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုများနှင့် စပ်လျဉ်း၍ လွှတ်တော်အနေဖြင့် မည်ကဲ့သို့သော လေ့လာသုံးသပ်မှုမျိုးကိုမှ မပြုလုပ်နိုင်ခဲ့ပေ။

၂၀၁၂ ခုနှစ်တွင် သမ္မတက ရေးဆွဲထားသော နိုင်ငံတော် ဘဏ္ဍာငွေခွဲဝေသုံစွဲမှုမှုကြမ်းကို အတည်ပြုဆုံးဖြစ်ချက်ရယူရန် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့သည်။ ၂၀၁၁ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် တိုးတက်မှုရရှိသည်ဟု ဆိုရပေမည်။ သို့သော်လည်းရေနံနှင့်သဘာဝဓါတ်ငွေ့ ရောင်းချခြင်းမှရရှိသော ဘဏ္ဍာငွေများ အပါအဝင် နိုင်ငံတော် ဘဏ္ဍာငွေရရှိရာ လမ်းကြောင်းကို ထုတ်ဖော်ပြောဆိုခဲ့ခြင်း မရှိပေ။ သို့အတွက်ကြောင့် သဘာဝဓါတ်ငွေ့ ပေးချေမှုငွေကြေးများသည် အမျိုးသား ငွေစာရင်းထဲသို့ ရောက်၊ မရောက်ကို ခန့်မှန်းတွက်ချရန် မလွယ်ကူပေ။ တဖန် မည်သည့်ငွေလဲလှယ်နှုန်းဖြင့် ပြုလုပ်ထားသည် ကိုလည်း ရှင်းရှင်းလင်းလင်းမသိရှိရပေ။ ဤသို့ ပွင့်လင်းမြင်

သာမှုကင်းမဲ့နေခြင်းသည် သဘာဝဓါတ်ငွေ့ကရရှိသော ဘဏ္ဍာငွေများကို လူမှုဖူလုံရေးကဲ့သို့ တခြားသော သုံးစွဲမှုများအတွက် ခွဲဝေသုံးစွဲရန်လုံးဝဖြစ်နိုင်ခြေမရှိပေ။ ထို့ကြောင့် နိုင်ငံ့ဘဏ္ဍာ ငွေခွဲဝေသုံးစွဲမှု လုပ်ငန်းစဉ်များမှာလည်း ပွင့်လင်းမြင်သာမှုကင်းမဲ့နေခြင်းဖြစ်သည်။

ယခုချိန်ထိ လွှတ်တော်များထဲ ဆွေးနွေးမှုများကို ကန့်သတ် ထိန်းချုပ်မှုများရှိနေသည်။ ဤအခြေအနေတွင် ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် လျော်ကန်သည့် ဆွေးနွေးမှုများ သို့မဟုတ် ထိန်းချုပ်မှုများကိုလည်း ပြုလုပ်နိုင်လိမ့်မည် မဟုတ်ချေ။ တဖန် လွှတ်တော်ထဲ အမတ်နေရာ ၂၅% ကို စစ်တပ်က တိုက်ရိုက် နေရာယူထားသည့် အပြင် တခြား အမတ်နေရာ ၅၈% မှာလည်း စစ်တပ်ကျောထောက်နောက်ခံ ပေးထားသည့် ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(USDP)က ချုပ်ကိုင်ထားသည်ကို ထည့်တွက်ရ အုံးမည်။ ၂၀၁၂ ဘဏ္ဍာငွေခွဲဝေရာတွင် စစ်တပ်က အမေရိကန်ဒေါ်လာ (၂.၃)ဘီလီယံ ရရှိမည်ဖြစ်ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ထက် ၃၆%ပိုမြင့်တက်သွားမည်ဟု မြန်မာတိုင်း(စ်)က ဖေါ်ပြထားသည်။[၄၆]

## သဘာဝဓါတ်ငွေ့ ဘဏ္ဍာငွေ စီမံခန့်ခွဲမှု နှင့် စစ်တပ်ပိုင်စီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍမှာရှင်းလင်းမှုမရှိ ဖြစ်နေဆဲ

လက်ရှိအစိုးရသစ်လက်ထက်တွင်လည်း ထိုင်းနိုင်ငံသို့ သဘာဝဓါတ်ငွေ့ ရောင်းချ၍ရရှိသည့် လက်ရှိဘဏ္ဍာငွေများနှင့်ပတ်သက်၍ မည်သည့် ဝန်ကြီးဌာနမှ စီမံခန့်ခွဲသည်၊ မည်ကဲ့သို့ ကြပ်မတ်ဆောင်ရွက်သည်ကို ပြည်သူထံသို့ ထုတ်ပြန်ခြင်းမရှိချေ။ အစိုးရသစ် လက်ထက်တွင် သဘာဝ ဓါတ်ငွေ့ တင်ပို့မှုမှရရှိသည့် ဘဏ္ဍာငွေများကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာနမှ စီမံခန့်ခွဲနေသလား သို့မဟုတ် မြန်မာ့စီးပွားရေး ဦးပိုင်လီမီတက်နှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းကဲ့သို့သော စစ်တပ်ပိုင် စီးပွားရေးလုပ်ငန်း များက ချုပ်ကိုင်ထားသလား ဆိုသည်မှာလည်း မသည်းကွဲပေ။

ပြည်ထောင်စု အစိုးရ၏အသုံးစရိတ်ကို ကြပ်မတ်ရန် ၂၀၁၁ခုနှစ် မတ်လတွင် ပြည်သူ့ ငွေစာရင်းကော်မတီကို ဖွဲ့စည်းခဲ့သော်လည်း ကောင်မတီအနေဖြင့် ရေနံနှင့် သဘာဝဓါတ်ငွေ့မှရရှိသည့်ငွေကြေးများကို မည်ကဲ့သို့ စီမံခန့်ခွဲ၊ လုပ်ဆောင်နေသည်ကိုလည်း ရှင်းလင်းစွာ မသိရှိရပေ။ ဥပဒေနှင့် စည်းကမ်း ချက်များအရ ပြည်သူ့ငွေစာရင်း ကော်မတီ၏ လုပ်ဆောင်မှုများနှင့် အစည်းအဝေး၏ မှတ်တမ်း၊ အချက်အလက်များကို သတင်းပေါက်ကြားခွင့်၊ ဖြန့်ဝေပိုင်ခွင့်မရှိပေ။

**သီးခြားလွတ်လပ်သောအထူးရန်ပုံငွေ**
"မည်သည့်ပုဂ္ဂိုလ်၊အဖွဲ့အစည်းကိုမဆို အထူးရန်ပုံငွေ သုံးစွဲမှုအပေါ် စီစစ်ခြင်း၊ စာရင်းစစ်ခြင်းကို ခွင့်မပြုချေ"

ပြည်သူ့ငွေစာရင်းကော်မတီတွင် စစ်တပ်ကျောထောက်နောက်ခံပြုထားသည့် ပြည် ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးသူရိန်ဇော်က ဥက္ကဋ္ဌ နေရာကို ယူထားပြီး အတွင်းရေးမှူးမှာ ၎င်းပါတီမှ ဦးမောင်တိုးဖြစ်သည်။ ဦးသူရိန်ဇော် သည် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအုပ်ချုပ်ရေး လက်ထက်တွင် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှု ဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ်တာဝန် ထမ်းဆောင်ခဲ့ပြီး ဦးမောင်တိုးသည် မြန်မာ့ပုလဲလုပ်ငန်းမှ အငြိမ်းစား ဦးဆောင်ညွှန်ကြားရေးမှူး ဖြစ်သည်။

**ကာကွယ်ရေး အသုံးစရိတ်ဆိုင်ရာ သီးခြားလွတ်လပ်မှု အထူးရံပုံငွေ**

ပြည်သူ့လွှတ်တော် အစည်းအဝေး မကျင်းပမီ လေးရက်အလို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အထူးရံပုံငွေ ဥပဒေကို ပြဌာန်းပေးခဲ့သည်။ "ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်ရန်နှင့် နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပရန်မှ ကာကွယ်ရန်" အလို့ငှာ ၎င်းအရံ ရံပုံငွေကို ပြုလုပ်ထားခြင်းဖြစ်သည်ဟု ၄င်းဥပဒေအရ ပြဌာန်းထားသည်။ ၎င်းဥပဒေအရ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် အထူးရံပုံငွေ သုံးစွဲရေးတွင် လွတ်လပ်စွာ သုံးစွဲပိုင် ခွင့်ရရှိပြီး၊ စာရင်းစစ် ခွင့်မပြုပေ။

"တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးမှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး အတွက် အထူး ရံပုံငွေကို ပြည်တွင်းငွေကြေး ပုံစံဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေ ကြေးပုံစံဖြင့်ဖြစ်စေလွတ်လပ်စွာ သုံးစွဲပိုင်ခွင့်ရှိသည်ဟု ဖေါ်ပြထားသည်။ ၎င်းအထူးရံပုံငွေ သုံးစွဲရေးနှင့်ပတ်သက်၍ မည်သူ့ တဦးတယောက်မှ စစ်ဆေးပိုင်ခွင့် မရှိရဟု ဥပဒေတွင် ပြဌာန်းထားသည်။"

အစိုးရများကို ပွင့်လင်းမှုမရှိဘဲ တရားဝင် ငွေကြေးပေးချေနေသော ကုမ္ပဏီများမှာ အကျင့်ပျက်ခြစားမှု ဖြစ်ပေါ်လာမှုကို အားပေးအားမြှောက်ပြုလုပ်နေခြင်း ဖြစ်သည်ဟု ပြောဆိုကြလိမ့်မည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် ကုမ္ပဏီများမှာ အကျင့်ပျက်ခြစားမှုလုပ်ဆောင်ချက် တွင် ပါဝင်ပတ်သက်နေသည့်ဟု စွပ်စွဲ ခံရခြင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ လုပ်ငန်းလုပ်ကိုင်ခွင့်ကိုလည်းထိခိုက်စေခြင်း၊ ဒေသတွင်း ပဋိပက္ခ၊ ပြဿနာတို့ တွင်ကြားညှပ်ပါဝင်စေခြင်း၊ ဈေးကွက်များ၌ရေရှည်စီးပွားရေးအခွင့်အလမ်းများကို လျော့ကျစေခြင်းစသော ပြဿနာများကို ကြုံတွေ့စေသောကြောင့် ယင်းကုမ္ပဏီ များအတွက် စီးပွားရေး ဆိုင်ရာ ဆုံးရှုံးမှု အန္တရာယ်များကို ဖြစ်ပေါ်စေသည်။ (သယံဇာတတူးဖေါ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံသူများ၏ ထုပ်ပြန်ချက်)

**စစ်တပ်ပိုင်စီးပွားရေးလုပ်ငန်းများအတွက် အခွန်ကင်းလွတ်ခွင့်**

၂၀၁၁ ခုနှစ်၊ဇန်နဝါရီလ (၁) ရက်နေ့တွင် ပင်ရင်းမှနုတ်ယူပေးသွင်းခွန် (Withholding Tax) ဥပဒေသည် အသက်ဝင်လာခဲ့သည်။ ၎င်းအခွန်ဥပဒေအရ စီးပွားရေးလုပ်ငန်းများ၊ ကုန်သည်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ(NGOs)၊ တသီးပုဂ္ဂလများ အနေဖြင့် ကျပ်ငွေ သုံးသိန်း (၃၀၀၀၀၀) ထက်ပိုသော ဝင်ငွေများကို (၃) ရာခိုင်နှုန်းမှ (၂၀) ရာခိုင်နှုန်းထိ အခွန်ပေး ဆောင်ရမည်ဟု ပြဌာန်းထားသည်။ သို့ရာတွင် အစိုးရ ပိုင်ကုမ္ပဏီများနှင့် စစ်တပ်ပိုင် ကုမ္ပဏီများကို အခွန်ကင်းလွတ်ခွင့် ပြုထားသည်။

**အပိုင်း(၄)။ ။ရင်းနှီးမြှုပ်နှံသောကုမ္ပဏီများ၏ နှုတ်ဆိတ်နေမှု**

မြန်မာနိုင်ငံအတွင်း လုပ်ဆောင်နေသောကုမ္ပဏီများသည် ငွေကြေးအရသော် လည်းကောင်း၊ ဂုဏ်သိက္ခာအရသော်လည်းကောင်း၊ ဥပဒေဆိုင်ရာအရသော် လည်းကောင်း ကြီးမားသောအန္တရာယ်များကို ကြုံတွေ့နေကြရသည်။ တရားဥ ပဒေစိုးမိုးရေးနှင့်ပတ်သက်ပြီး ၂၀၁၂ တွင်ပြုလုပ်ခဲ့သော လေ့လာချက် တစ်ခုအရ မြန်မာသည် နိုင်ငံခြားကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် အကာအကွယ် ပေးမှုအနည်းဆုံးနှင့် မူဝါဒများနှင့်စည်းကမ်းစည်းမျဉ်းများကို အကောင်အထည် ဖေါ်ဆောင်ရွက်ရာတွင်လည်း ပွင့်လင်းမြင်သာမှု အားအ နည်းဆုံး နိုင်ငံတစ်ခု ဖြစ်နေသောကြောင်း နိုင်ငံပေါင်း ၁၉၇ နိုင်ငံအနက် ရင်းနှီးမြှုပ်နှံမှုများအတွက် ဆုံးရှုံးမှုအန္တရာယ်အကြီးမားဆုံးသောနံပါတ်(၁) တိုင်းပြည်တစ်ခုအဖြစ်သတ်မှတ်ထားသည်။[၄၇] ပဋိပက္ခဖြစ်ပွားနေသော နယ်မြေများတွင် သယံဇာတတူးဖေါ်ရေး စီမံကိန်းများက လုပ်ငန်းလုပ်ဆောင်မှု များကို ဆက်လက်ပြုလုပ်နေကြဆဲဖြစ်သည်။ စီမံကိန်းများမှ ဒေသခံပြည်သူ များ အကျိုးကျေးဇူး မျှဝေမခံစားရမှုမရှိသည့်အထဲ ထိုဒေသများသို့ နိုင်ငံခြား သားများရောက်ရှိလာမှုကြောင့် ဒေသခံများ၏ မကျေနပ်မှုကို ပိုမိုမီးမွှေးပေးရာ ရောက်စေသည်။ ထို့ကြောင့် ကုမ္ပဏီရင်းနှီးမြှုပ်နှံမှုများသည် လက်တုံ့ပြန် တိုက်ခိုက်မှုများ၏ အန္တရာယ်နှင့်ရင်ဆိုင်ရမည်ဖြစ်သည်။[၄၇]

၂၀၀၇ခုနှစ်က ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော သာဓကတစ်ခုရှိသည်။

ရေနံရှာဖွေရေး စီမံကိန်းကြောင့် လယ်ယာမြေသိမ်းပိုက်ခံရမှုအပေါ် အမျက်ဒေါသထွက်နေသော ရခိုင်ဒေသခံတစ်စုက ရေနံရှာဖွေတူးဖော်နေသော တရုတ်ကုမ္ပဏီထဲသို့ ဝင်ရောက်လာကြပြီး လုပ်ငန်းခွင်ရှိ ပစ္စည်းများကို ဖျက်ဆီးသွား သည်။ အဆိုပါစီမံကိန်းများနှင့် ဆက်စပ်နေသော အခွင့်အရေးချိုးဖေါက်မှုများသည် တရားစွဲဆိုခံရမှုများ၊ ကုန်ပစ္စည်းအပေါ် ဆန့်ကျင်သပိတ်မှောက်မှုများ၊ အစုရှယ်ယာ ရှင်များနှုတ်ထွက်ခြင်းနှင့် ကုမ္ပဏီများ၏ ဂုဏ်သိက္ခာပျက်စီးခြင်းများကို ဦးတည်သွားစေသည်။

နိုင်ငံတကာ ဘဏ္ဍာငွေကြေးဆိုင်ရာပွင့်လင်းမြင်သာမှု လမ်းညွှန်ချက်များနှင့် စီးပွားရေးလုပ်ငန်းများ၏ လူ့အဖွဲ့စည်းအပေါ် တာဝန်ယူမှုစံချိန်စံညွှန်းများကို လိုက်နာကျင့်သုံးခြင်းအားဖြင့် ကုမ္ပဏီများအနေဖြင့် ဆုံးရှုံးမှုအန္တရယ်ကို ရှောင်ရှားနိုင်ကာ ၎င်းတို့၏စီးပွားရေးလုပ်ငန်းကို အကာအကွယ် ပေးနိုင်ပြီး ရင်းနှီးမြှုပ်နှံသူများကိုလည်း ပိုမိုဆွဲဆောင်နိုင်ပေသည်။ အပြန်အလှန်အားဖြင့် အာဖကန်နစ္စတန်၊ဆိုမားလီးယားနှင့် မြန်မာကဲ့သို့သော အကျင့်ပျက်ခြစားသောနိုင်ငံများထက် ဘဏ္ဍာငွေကြေး ဆိုင်ရာ ပွင့်လင်းမြင်သာမှုကို အကောင်ထည်ဖေါ်ကျင့်သုံးသောနိုင်ငံများ၌ လုပ်ကိုင်နေသည့် ကုမ္ပဏီများ၌သာ အစုရှယ်ယာရှင်များကလည်း ပိုမိုရင်းနှီး မြှုပ်နှံချင် ကြမည်ဖြစ်သည်။

လက်ရှိအချိန်၌ မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍများတွင် လုပ်ကိုင်နေသော (သို့မဟုတ်) ရင်းနှီးမြှုပ်နှံထားသောကုမ္ပဏီ (၁၀)ခုကို အကြမ်းဖြင်း လေ့လာကြည့်လိုက်သောအခါ စီးပွားရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုကိုတွန်းအားပေးနေသည့်နိုင်ငံတကာကြိုးပမ်းဆောင်ရွက်မှုများတွင် ပူးပေါင်းပါဝင်လုပ်ဆောင်မှု အလွန်အမင်းအားနည်းနေသည်ကို တွေ့ရှိရသည်။ အဓိကလုပ်ငန်းခွဲကုမ္ပဏီများရှိသော ၎င်းတို့ထဲမှ ကုမ္ပဏီ ထက်ဝက်ကိုသာလျှင် နိုင်ငံတကာစတော့ဈေးကွက်စာရင်းထဲ၌ တွေ့ရသည် (နောက်ဆက်တွဲကိုကြည့်ရှုပါ)။ ကုမ္ပဏီအများစုမှာ အာရှနိုင်ငံများမှဖြစ်ပြီး နိုင်ငံတကာရှာဖွေတူးဖေါ်ရေးလုပ်ငန်းများထဲသို့ အသစ်ဝင်ရောက်လာ သူများဖြစ်ကြသည်။ မြန်မာပြည်ထဲရှိလုပ်ကိုင်နေသော ထိုကုမ္ပဏီ (၁၀) ခု အနက် (၂) ခု သာလျှင် လူသိရှင်ကြားထုပ်ဖေါ်မှု မူဝါဒကို ကျင့်သုံးသည်ကို တွေ့ရသည်။ ထိုကုမ္ပဏီ(၂)ခုမှာ Chevron and Total တို့ဖြစ်သည်။ ၎င်းကုမ္ပဏီ(၂)ခု မှာ EITI ကိုအတည်ပြုထောက်ခံထားပြီး နိုင်ငံအလိုက် ဘဏ္ဍာငွေပေးချေမှုများကို ထုပ်ဖေါ်ပေးရမည်ဖြစ်သော ကျင့်ဝတ်၊ စည်းကမ်းများကိုလည်း အကောင်ထည်ဖေါ်ဆောင်ရွက်ရန် ကတိတဝတ်ပြု ထားလေသည်။[၄၈]

ကုမ္ပဏီ(၁၀)ခုထဲတွင် Total ကုမ္ပဏီမှလွဲ၍ တခြားမည့်သည့်ကုမ္ပဏီကမှ မြန်မာအစိုးရအား ပေးချေရသည့် ဘဏ္ဍာငွေကြေးများကို အသေးစိတ်ထုတ်ဖေါ်မှုမပြုလုပ်ကြပေ။ တချို့သော ကုမ္ပဏီများက ဒေသအလိုက် ဘဏ္ဍာငွေပေးချေမှုကို (အရှေ့တောင်အာရှနှင့် တခြားဒေသများ) ထုတ်ပြန်ကြသော်လည်း မြန်မာအစိုးရအား မည်ရွေ့မည်မျှပေးရသည်ကို ထုပ်ဖေါ်ပြောကြားခြင်း မရှိချေ။[၄၉] Total ဘဏ္ဍာငွေကြေးအရ ပွင့်လင်းမြင် သာမှုကို ကျင့်သုံးစေရန် ဖိအားပေးခြင်း ခံရပြီးနောက် Total ကုမ္ပဏီသည် ၂၀၀၈ ခုနှစ်တွင်မြန်မာအစိုးရအားပေးချေခဲ့သည့် ဘဏ္ဍာငွေကြေး တစိတ် တဒေသကို ဖေါ်ပြခဲ့ဖူးသည်(အမေရိကန်ဒေါ်လာ ၂၅၄ သန်း)။[၅၀]



ဓါတ်ပုံ (AOW)

**အမှောင်ထုထဲကရခိုင်ပြည်ကိုလျစ်လျူရှုပြီး ရွှေဓါတ်ငွေ့ကို တရုတ်ကို တင်ပို့မည်။ ရခိုင့်သဘာဝဓါတ်ငွေ့ကို တရုတ်သို့ မတင် ပို့မီ**

ရခိုင်ပြည်အဝှမ်း ၂၄ နာရီလျှပ်စစ်မီး တောင်းဆို လှုပ်ရှားမှုများကိုကြည့်လျှင် အစိုးရသစ် လက်ထက်တွင်လည်း အကျိုးမြတ် ခွဲဝေမှုမရှိခြင်းကို တွေ့မြင်နိုင်သည်။ ၂၄ နာရီလျှပ်စစ်မီး လှုပ်ရှားမှုအဖွဲ့သည် ရခိုင်ပြည်နယ်တွင် လျှပ်စစ်မီးမရရှိခြင်း၊ လျှပ်စစ်မီးခဈေးနှုန်း အဆမတန်မြင့်မားနေခြင်း၊ လူ့အခွင့်အရေးချိုးဖေါက်ခံရမှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှုနှင့် ရွှေသဘာဝဓါတ်ငွေ့စီမံကိန်းမှ ရရှိလာသော အကျိုးအမြတ်ကို မျှဝေမခံစားရမှုတို့ကို မီးမောင်းထိုးပြနေခြင်းဖြစ်သည်။

ရွှေသဘာဝဓါတ်ငွေ့စီမံကိန်းမှ တစ်နေ့လျှင် သဘာဝဓါတ်ငွေ့ပမာဏ ကုဗပေသန်း (၅၀၀) ခန့်ကို နှစ်ပေါင်း (၃၀) ကြာအောင် ထိထုပ်ယူမည်ဖြစ်သည်။ ဓါတ်ငွေ့ပမာဏ ကုဗပေသန်း (၅၀၀) အနက် သန်း (၄၀၀) ကို တရုတ်သို့ တင်ပို့မှာဖြစ်ပြီး ကျန်သန်း(၁၀၀)ကို ပြည်တွင်း၌ အသုံးပြုရန် ရည်ရွယ်ထားသည်။ အဆိုပါ သန်း (၁၀၀) ကို လက်နက်မှောင်ခိုရာဇာ တေဇ၏ ထူးဘိလပ်မြေစက်ရုံ၊ ဘိန်းဘုရင် လော်စစ်ဟန်၏ အေးရှားဝေါလ် ဘိလပ်မြေစက်ရုံ၊ ဇော်ဇော်၏ အိုင်.ဂျီ.အီး ဘိလပ်မြေစက်ရုံနှင့် အောင်ကိုဝင်း၏ ကမ္ဘောဇ ဘိလပ်မြေစက်ရုံများ အပါအဝင် စစ်အစိုးရနှင့် စစ်တပ်အသိုင်းအဝန်း ပိုင်ဆိုင်သော စက်ရုံပေါင်း (၅၀) ကျော်ကို တင်ပို့မည်ဖြစ်သည်။

## အပိုင်း (၅)။ ။ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုမရှိခြင်း

### တိုင်းရင်းသားဒေသများ၌ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း

**"ဗမာတစ်ကျပ်ရရင်၊ခင်များတို့လည်းတစ်ကျပ်ရစေရမယ်"**
(ဗိုလ်ချုပ်အောင်ဆန်း)

မြန်မာနိုင်ငံသည် အင်္ဂလိပ်လက်အောက်မှ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်သော နိုင်ငံဖြစ်လာခဲ့သည်။ သို့ရာတွင် လွတ်လပ်ရေးရပြီး တစ်နှစ်အကြာတွင် အစိုးရနှင့်တိုင်းရင်းသား ပြည်နယ်များအကြား ပြည်တွင်းစစ်ကြီး ဖြစ်ပွားလာခဲ့သည်။ တိုင်းရင်းသားဒေသများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် သီးခြားအုပ်ချုပ်မှုတို့ကို အစိုးရက ငြင်းဆန်ခြင်းမှာ ထိုသို့ပြည်တွင်းစစ်မီးတောက်လောင်ခဲ့ရခြင်း၏ အဓိက အကြောင်းရင်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ "ဗမာတစ်ကျပ်ရရင်၊ ခင်များတို့လည်း တစ်ကျပ်ရစေရမယ်" ဆိုသော နာမည်ကျော်ကြွေးကြော်သံသည် ၁၉၄၉ ခုနှစ်တွင် ကရင်လူမျိုးတို့အား "ဗမာတကျပ်၊ ကရင်တကျပ်" မိုးလုံးညံသည့် တောင်းဆိုသံဖြင့် ကရင့်တော်လှန်ရေးကို ဖြစ်ပေါ်စေခဲ့သည်။ ဤဗိုလ်ချုပ်အောင်ဆန်း၏ ကြွေးကြော်သံသည်ပင် ယခုအချိန်ထိ ဖြစ်ပွားနေသော ပဋိပက္ခ ပြဿနာအကြောင်းအရင်းဖြစ်သည့် တိုင်းရင်းသားဒေသတွင်းရှိ သဘာဝ သယံဇာတနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးလိုအပ်ချက်ကို ညွှန်ပြနေခြင်းပင်ဖြစ်သည်။ *ရှင်းလင်းချက်။ ။အကျိုးအမြတ်ခွဲဝေခံစားရေးသည် မြန်မာပြည်တွင် ယနေ့တိုင်အောင်ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ၏ အဓိကအကြောင်း တရား တစ်ခုဖြစ်သည်။*

ကျောက်စိမ်း၊ ကျွန်းသစ်၊ ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် ရေအားလျှပ်စစ် ရင်းမြစ်များ ကဲ့သို့သော အကျိုးအမြတ်ဖြစ်ထွန်းနိုင်သည့် သဘာဝသယံဇာတ အများစုကို တိုင်းရင်းသားဒေသများ၌ တွေ့ရှိရပြီး ၎င်းတို့အား အိမ်နီးချင်းနိုင်ငံများသို့တင်ပို့ ရောင်းချနေသည်။ ထိုသယံဇာတတင်ပို့ရောင်းချရာမှ ရရှိလာ သော ဘဏ္ဍာဝင်ငွေများကိုလည်း သယံဇာတပိုင်ရှင်စစ်စစ်ဖြစ်သော ပြည်နယ်များအား ခွဲဝေပေးမှုလုံးဝမရှိချေ။ ဤပြည်နယ်များမှာ သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုများအတွက် နစ်နာကြေးမရရှိသည့်အပြင် ထိုသယံဇာတများကို ကုမ္ပဏီများက ခေါင်းပုံဖြတ်ထုတ်ယူ၊တင်ပို့ခြင်းကြောင်းဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုများနှင့် လူအခွင့်အရေးချိုးဖေါက်ခံရမှုများ ကိုသာခံစားနေကြရသည်။

### ဝင်ငွေကွာဟမှု နှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက်သုံးစွဲမှုမရှိခြင်း

တိုင်းပြည်ဘဏ္ဍာငွေများကို အလွဲသုံးစားပြုလုပ်မှုနှင့် နိုင်ငံအဝှမ်းဖြစ်ပေါ်နေသော အကျင့်ပျက်ခြစားမှုတို့က ပိုမိုနိုင်ခန့်သည့် စစ်အုပ်ချုပ်ရေးကိုဦးတည်သွားပြီး၊ တဖက်တွင်လည်း ပြည်သူအများစု၏ စီးပွားရေးအခြေအနေများမှာ တစတစ ယိုယွင်းပျက်စီးလာနေသည်။ မြန်မာပြည်သူ ၆၂ သန်းခန့် သည် အာရှ၏အဆင်းရဲဆုံးစာရင်းဝင် ပြည်သူများဖြစ်သည်။ မြန်မာပြည်သူများ၏ ခန့်မှန်းခြေ ပျမ်းမျှ လူတစ်ဦးချင်း၏ တစ်ရက်ဝင်ငွေသည် (၂.၂၀) ဒေါ်လာ သာရှိပြီး အိမ်နီးချင်းထိုင်းနိုင်ငံ၏ လူတစ်ဦးချင်း ဝင်ငွေနှင့်နှိုင်းယှဉ်လိုက်လျှင် (၇) ဆပိုနည်းနေ သည်ဟု နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့ (IMF) ၏ စရင်းဇယားများ၌ဖေါ်ပြထားသည်။[၅၁] သို့သော် အဆင့်မြင့်စစ်အရာရှိများ၊ ၎င်းတို့မိသားစုဝင်များနှင့် အပေါင်းအဖေါ်များမှာမူ တိုင်းပြည်၏ အချမ်းသာဆုံးသော ပုဂ္ဂိုလ်များဖြစ်နေကြသည်။ သာမန် ပြည်သူပြည်သားများ စိတ်ကူးထဲတောင်မထည့်နိုင်သော ဇိမ်ခံပစ္စည်းများကို ယင်းလက်တစ်ဆုပ်စာ လူတစ်စုက ပုံအောပြီးအသုံးပြုနိုင်သည်။ ၂၀၀၆ ခုနှစ်တွင် မြန်မာ့စစ်အာဏာရှင် သန်းရွှေသမီး၏ လက်ထပ်မင်္ဂလာပွဲကို အခန်းနားဆုံးဖြစ်အောင်ကျင်းပခဲ့ပြီး ၎င်းလက်ထပ်ပွဲ၌ ရရှိခဲ့သော လက်ဖွဲ့ပစ္စည်းနှင့် ငွေကြေးပမာဏ အမေရိကန်ဒေါ်လာသန်း (၅၀) ခန့်ရရှိခဲ့သည်ဟု ခန့်မှန်းထားကြသည်။ ဤမင်္ဂလာပွဲအပေါ် မြန်မာပြည်သူများ ဒေါသဖြစ်ခဲ့ကြ ရသည်။

# အကျိုးအမြတ်ခွဲဝေခံစားခြင်းက ပဋိပက္ခများကို အဆုံးသတ်စေသည်

**ဆူဒန်တောင်ပိုင်း။ ပဋိပက္ခဖြစ်ပွားနေသော မြန်မာနိုင်ငံအတွက် သင်ခန်းစာ**

သဘာဝသယံဇာတ ကြွယ်ဝသော နိုင်ငံများတွင် ဒေသခံများအနေဖြင့် သဘာဝသယံဇာတများ၏ အကျိုးအမြတ်ကို မျှတစွာခံစားပိုင်ခွင့် မရရှိခြင်းသည် သွေးထွက်သံယို ပြည်တွင်းစစ်ကို ဖြစ်ပေါ်စေသော အကြောင်းအရင်း ဖြစ်သည်။ တောင်ပိုင်း ဆူဒန်တွင် ဖြစ်ပေါ်ခဲ့သော ပဋိပက္ခသည် ဥပမာ တရပ်ပင်ဖြစ်သည်။ သဘာဝသယံဇာတခွဲဝေသုံးစွဲရာတွင်မျှတမှုမရှိခြင်းကြောင့်ကိုယ်ပိုင်အုပ်ချုပ်ရေး တောင်းဆိုမှုနှင့်အတူ ရှည်လျားသော ပြည်တွင်းစစ်ပွဲဆီသို့ ဦးတည်သွားပြီး နောက်ဆုံးအကျိုးရလဒ် အဖြစ် တောင်ပိုင်းဆူဒန်သည် ၂၀၁၁ ဇူလိုင် ၉ ရက်နေ့တွင် သီးခြား လွတ်လပ်သောနိုင်ငံ ဖြစ်လာခဲ့ သည်။

ဆူဒန်နိုင်ငံ၏ ၅၅ ရာခိုင်နှုန်းသော ရေနံသိုက်သည် တောင်ပိုင်းဆူဒန်တွင် တည်ရှိသော်လည်း ရေနံသန့်စင် စက်ရုံများ၊ ရေနံလုပ်ငန်းနှင့် ပတ်သက်သော စက်မှုလုပ်ငန်းများနှင့် ၎င်းတို့နှင့် ဆက်စပ် နေသည့် အလုပ်အကိုင်အခွင့်အလမ်းများမှာ မြောက်ပိုင်းဆူဒန်တွင် တည်ရှိနေသည်။ စီးပွားရေး ဖွံ့ဖြိုးမှု ကွာဟချက်သည် ဆယ်စုနှစ် နှစ်ခုကြာ ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်မီး တောက်လောင်စေခြင်း ၏ အဓိက အကြောင်းရင်းတစ်ခုဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် ရေးထိုးခဲ့သော ငြိမ်းချမ်းရေး စာချုပ်အရ ပြည်တွင်းစစ်ကို ရပ်စဲနိုင်ခဲ့သည်။ ငြိမ်းချမ်းရေး စာချုပ်နှင့်အတူ တောင်ပိုင်းဆူဒန်ဒေသသည် ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ဗဟိုအစိုးရနှင့် အာဏာခွဲဝေသုံးစွဲခွင့်ရရှိခဲ့ပြီး ရေနံလုပ်ငန်းမှရရှိသော အကျိုး အမြတ်၏ ၅၀ ရာခိုင်နှုန်းကို ခံစားပိုင်ခွင့် ရရှိခဲ့သည်။[၁၂]

သဘာဝသယံဇာတမှရရှိသည့် အကျိုးအမြတ်အား မျှတစွာခွဲဝေ ခံစားပိုင်ခွင့်ရရှိခြင်းသည် ပြဿနာ များကို လျော့ကျစေနိုင်သကဲ့သို့ ပဋိပက္ခများကို ရပ်တန့်ကာကွယ်မှု ပေးနိုင်သည်။ မြန်မာနိုင်ငံတွင် ကာလရှည်ဖြစ်ပွားနေသော ပြည်တွင်းစစ်၏ အဓိကအကြောင်းအရင်းမှာ သယံဇာတမှရရှိသည့် အကျိုးအမြတ်များကို သယံဇာတပိုင်ရှင် တိုင်းရင်းသားတို့အနေဖြင့် ခွဲဝေခံစားပိုင်ခွင့် မရှိခြင်းပင်ဖြစ် သည်။ သဘာဝအရင်းအမြစ် ထွက်ရှိရာဒေသနှင့် ဒေသခံလူထုအား ထိုသယံဇာတများ၏ အကျိုး အမြတ်ကို ခွဲဝေသုံးစွဲခွင့်ပေးရေးမှာ မဖြစ်မနေ လုပ်ဆောင်ရ မည့်အချက်ဖြစ်သည်။

သယံဇာတ ထွက်ရှိရာဒေသများနှင့် သယံဇာတပိုင်ရှင် လူ့အဖွဲ့အစည်းတို့အား သယံဇာတ ထုပ်ယူခြင်းနှင့် ၎င်း၏ ပြဿနာဝန်ထုပ်ဝန်ပိုးတို့အတွက် မျှမျှတတ နစ်နာကြေးပေးဝေရေးကို လုပ်ဆောင်ရမည့် နည်းလမ်းတစ်ခုမှာ ထိုဒေသတွင် အသုံးပြုနိုင်မည့် ရေနံနှင့်သဘာဝဓါတ်ငွေ့ ဘဏ္ဍာငွေများကို တိုက်ရိုက်ခွဲဝေပေးခြင်းပင်ဖြစ်သည်။ ဒုတိယနည်းလမ်းတစ်ခုမှာ လယ်ယာမြေ သိမ်းပိုက်ခံရသော ဒေသခံများကို ငွေကြေးခွဲဝေပေးရေးနှင့် စီမံကိန်လုပ်ငန်းများတွင် ဒေသခံများ အလုပ်အကိုင်ရရှိရေးကို ဆောင်ကျဉ်းပေးရမည်ဖြစ်သည်။ သို့သော်လည်း ပုံမှန် အားဖြင့် သယံဇာတ တူးဖေါ်ရေးလုပ်ငန်းများသည် များများစားစား အလုပ်အကိုင်ဖန်တီးပေးမှု မရှိသောကြောင့် ဒုတိယ နည်းလမ်းကို အသုံးပြုရာတွင် အခက်အခဲများကြုံတွေ့နိုင်သည်။



*ဆူဒန်နိုင်ငံတွင် ဆယ်စုနှစ်နှစ်ခုကျော် ဖြစ်ပွားနေခဲ့သော ပြည်တွင်းစစ်ပွဲသည် ရေနံဘဏ္ဍာငွေကို တရားမျှတစွာ ခွဲဝေပေးခြင်းဖြင့် အဆုံးသတ်စေခဲ့သည် (ဓါတ်ပုံ-AFP)*

**အင်ဒိုနီးရှားနိုင်ငံ၏ အာချေးဒေသ**

## လက်နက်ကိုင်ပဋိပက္ခကိုအဆုံးသတ်စေခဲ့သော ရေနံနှင့်သဘာဝဓါတ်ငွေ့ဘဏ္ဍာငွေခွဲဝေမှု

အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှတွင် ရေနံနှင့်သဝဘာဓါတ်ငွေ့ကြွယ်ဝသောနိုင်ငံဖြစ်ပြီး အာချေးဒေသသည် ရေနံနှင့်သဘာဝဓါတ်ငွေ့သိုက်ကြွယ်ဝသော ပြည်နယ်ဖြစ်သည်။ အာချေးဒေသသည် လွတ်လွပ်သော ဆူလတန်ဘုရင့်နိုင်ငံတော်အဖြစ် ရပ်တည်ခဲ့ပြီး၊ ဒတ်(ချ်) ကိုလိုနီ အုပ်ချုပ်မှုကို ရာစုနှစ်တစ်ခုကျော်တိုက်ပွဲဝင်ခဲ့လေသည်။ သို့သော်လည်း ၁၉၄၉ ခုနှစ်တွင် အာချေး ဆူလတန် ဘုရင့်နိုင်ငံသည် အင်ဒိုနီရှားသမ္မတနိုင်ငံထဲသို့ အထူးဒေသ တစ်ခုအဖြစ်သာ ဒုတိယံပိ ကျွန်ဇာတ်အသွင်းခံခဲ့ရသည်။ အာချေးပြည် သူတို့ အင်ဒိုနီရှားထံမှ လွတ်လပ်ရေး တောင်ဆိုမှုနှင့်အတူ ခွဲထွက်ရေးတိုက်ပွဲကို ဆင်နွှဲလာခဲ့ကြသည်။ ရလာဒ်အနေဖြင့် နှစ်ပေါင်း ငါးဆယ်ကျော်ကြာမြင့်ခဲ့သည့် လက်နက်ကိုင်တိုက်ပွဲနှင့် ပဋိပက္ခများသာ အဖတ်တင်လာခဲ့သည်။

၂၀၀၅ ခုနှစ်တွင် အင်ဒိုနီးရှားအစိုးရနှင့် အာချေးလွတ်မြောက်ရေးအဖွဲ့ (Gerakan Aceh Merdeka) တို့သည် ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုသဘောတူစာချုပ်တွင် အာချေးကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အထူးနယ်မြေတစ်ခုအဖြစ် သတ်မှတ်ပေးထားပြီး၊ ၎င်းနယ်မြေက ထွက်ရှိသော ရေနံနှင့် သဘာဝဓါတ်ငွေ့အကျိုးအမြတ် ၇၀% နှုန်းကိုပေးထားသည် (အာဏာရှင်ဆူအာတိုလက်ထက်တွင် ၅% နှုန်း သာရရှိခဲ့)။ ငြိမ်းချမ်းရေး သဘောတူစာချုပ်ချုပ်ဆိုရာ၌ အာချေးလွတ်မြောက်ရေးအဖွဲ့ (GAM) အတွက် ဤသို့ သဘာဝသယံဇာတ ခွဲဝေ တောင်းဆိုမှုမှာ လျော့မပေးသော အဓိက တောင်းဆိုချက်တစ်ခုဖြစ်ခဲ့သည်။[၅၃]

အင်ဒိုနီးရှားနိုင်ငံ အာချေးဒေသတွင် ရေနံနှင့်သဘာဝဓါတ်ငွေ့မှ ရရှိသည့်ဝင်ငွေအား ခွဲဝေပေးခြင်းသည် ပဋိပက္ခအား ပြေလည်စေပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို ရရှိစေသည်။ အာချေးဒေသ၏ ဥပမာသည် မြန်မာပြည်၏ ပြည်တွင်းစစ်မီးကို ငြိမ်းသတ်ရန် မြန်မာခေါင်းဆောင်များ လေ့လာသင့်သည့် စံနမူနာကောင်း တခုဖြစ်သည်။

# အခန်း ၄

# သယံဇာတ ကျိန်စာကို အမြစ်ဖြတ် ကုသခြင်း

## *ဘဏ္ဍာငွေ ပွင့်လင်း မြင်သာမှု*

နိုင်ငံများအနေဖြင့် သယံဇာတကျိန်စာအား ဖြေရှင်းရန်နည်းလမ်းတခုမှာ တာဝန်ခံမှုနှင့် ပွင့်လင်းမြင် သာမှုရှိသော ဘဏ္ဍာငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု စနစ်ကို ပြဌာန်း၊ကျင့်သုံးပေးခြင်းပင်ဖြစ်သည်။ ဤစနစ်သည် အကျိုးအမြတ်ခွဲဝေရာတွင်လည်း မျှတမှုကိုဖြစ်ပေါ်စေနိုင်သည်။ အစိုးရတစ်ခုသည် ဘဏ္ဍာဝင်ငွေမည်မျှရရှိပြီး၊ မည်သည့်နေရာတွင် သုံးစွဲသည်ကို ပြည်သူများအနေဖြင့် လွတ်လပ်စွာ သတင်းအချက်အလက်ရရှိနိုင်ပါက အကျင့်ပျက်ခြစားမှုကို လျော့ကျစေနိုင်သည့်အပြင် အလွဲသုံးစား ပြုခြင်းမှလည်း ကာကွယ်ပေးနိုင်ကာ ပြည်သူများအတွက် အကျိုးရှိစေသောလုပ်ငန်းများတွင် ပို၍သုံးစွဲရန် အလားအလာရှိနိုင်သည်။ သဘာဝသယံဇာတ မကြွယ်ဝသည့်နိုင်ငံများ၏ အတွေ့အကြုံအရ ပြည်သူများအနေဖြင့် အစိုးရသယံဇာတများနှင့် ဘတ်ဂျက်သုံးစွဲမှုဆိုင်ရာ သတင်းအချက်အလက်များကို သိရှိခြင်းသည် အကျင့်ပျက်ခြစားမှုကို လျှော့ချနိုင်သည့်အပြင် မူဝါဒကောင်းများကိုပါ ဖြစ်ပေါ်စေသည်။[၅၄] သယံဇာတကျိန်စာသင့်ခြင်းအား ရှောင်လွှဲနိုင်စေရန်နှင့် ရေရှည်တည်တန့်ခိုင်မြဲစေမည့် စီပွားရေးအဆောက်အဦးတစ်ခုကို ဖြစ်ပေါ်စေရန်အလို့ငှာ သဘာဝသယံဇာတ ရင်းမြစ်များကို ပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ရေးအတွက်အသုံးပြုရမည်။ ဤသို့အသုံးပြုရာတွင်လည်း သဘာဝပတ်ဝန်း ကျင်ပျက်စီးဆုံးရှုံးမှုကို ရှောင်လွှဲပြီး တောက်ပသောအနာဂါတ်တစ်ခုအတွက် ရင်းနှီးမြှုတ်နှံမှုပုံစံမျိုးသာ ဖြစ်ရပေမည်။

အစိုးရ၏ ဘဏ္ဍာရေးပွင့်လင်းမြင်သာမှုသည် ပြည်သူများ၏ သဘာဝအရင်းအမြစ် အခြေခံ စက်မှုလုပ် ငန်းများမှရရှိသည့် အခွန်ဘဏ္ဍာနှင့် ပတ်သက်သော အသိအမြင်ကို တိုးပွားစေပြီး အကျင့်ပျက်ခြစားမှုကို လျှော့ချနိုင်သည့်အပြင် ကောင်းမွန်သောစီမံခန့်ခွဲမှုနှင့် အကျိုးအမြတ်ခံစားခွင့်ညီမျှမှုကို ဖြစ်ပေါ်စေနိုင်သည်။ အစိုးရ၏ ငွေကြေးစီးဆင်းမှုအား ပြည်သူများအား သိရှိစေခြင်းသည် တည်ရှိနေဆဲ စနစ်ဆိုးများကို ပိုမိုကောင်းမွန်လာနိုင်ပေသည်။

ဘဏ္ဍာရေးပွင့်လင်းမြင်သာမှုသည် သယံဇာတတူးဖော်ရေးလုပ်ငန်းများမှ မည်မျှ၊ မည်၍ရရှိသည့် ဘဏ္ဍာငွေကြေးနှင့်ပတ်သက်သော အသိအမြင်ကိုတိုးပွားစေပြီး အကျင့်ပျက်ခြစားမှုကို လျှော့ချနိုင်သည့်အပြင် ကောင်းမွန်သော စီမံခန့်ခွဲမှု နှင့် အကျိုးအမြတ်ခံစားခွင့် ညီမျှမှုကို ဖြစ်ပေါ်စေနိုင်သည်။ အစိုးရ၏ ငွေကြေး စီးဆင်းမှုအား ပြည်သူများအား သိရှိစေခြင်းသည် တည်ရှိနေဆဲ စနစ်ဆိုးများကို ပိုကောင်းမွန်လာနိုင်ပေသည်။ ဤသို့လုပ်ဆောင်ရာ၌ အစိုးရထံသို့စီးဆင်းသွား သော ဘဏ္ဍာငွေကြေး ပမာဏကို ပြည်သူများအားပိုမိုသိရှိအောင်ပြုလုပ်ရပြီး တည်ရှိနေသော အပြန်အလှန် ထိန်းကွပ်မှု စနစ်များကိုလည်း တိုးတက်စေသည်။

ပွင့်လင်းမြင်သာသည့်စနစ်တစ်ခုတွင် ရင်းနှီးမြှုပ်နှံမှုကိုလက်ခံထားသော အိမ်ရှင်အစိုးရသည် သယံဇာတ ရောင်းချခြင်းမှ ကုမ္ပဏီများထံမှ ရရှိသော ငွေပမာဏကို ဖော်ပြရပြီး၊ ကုမ္ပဏီများသည်လည်း ယင်းအစိုးရအား မည်မျှပေးရ သည်ကို ဖော်ပြပေးရသည်။ တဖန် ကုမ္ပဏီအခြေစိုက်ရာ မိခင်နိုင်ငံအစိုးရများ ကလည်း ၎င်းနိုင်ငံမှ ကုမ္ပဏီများအပေါ် ဘဏ္ဍာရေးနှင့် ဆိုင်သော ထုတ်ဖော်မှုများရှိလာစေရန် စည်မျဉ်းဥပဒေများ ထုတ်ပြန်ပြီး ပြဌာန်းပေးရသည်။


လူထုအခြေပြု အဖွဲ့အစည်းများနှင့် စာနယ်ဇင်းများသည်လည်း ဘဏ္ဍာရေး

ပွင့်လင်းမြင်သာမှုတွင် အဓိကအခန်းကဏ္ဍမှပါဝင်သည်။ထိုအဖွဲ့အစည်းများသည် ဘဏ္ဍာငွေလည်ပတ်စီးဆင်းမှု စောင့်ကြည့် ရေးကို စောင့်ကြည့်ရပြီး လူထုနှင့် စီမံကိန်းနှင့်သက်ဆိုင်သူအားလုံး သတင်းအချက်အလက်များကို ကျယ်ကျယ် ပြန့်ပြန့်နှင့် အလွယ်တကူသိရှိနိုင်ရန် ဆောင်ရွက်ရမည်။

ကောင်းမွန်သော စီမံခန့်ခွဲမှုစံနစ်တစ်ခုအောက်၌ ဘဏ္ဍာဝင်ငွေများကို ပွင့်လင်းမြင်သာမှု ရှိအောင် ပြုလုပ်၍ စီမံခန့်ခွဲပါက အာဏာရှိသူတို့အနေဖြင့် ငွေကြေး များအား မတရားရယူခြင်းကို နည်းပါးစေ နိုင်ပါသည်။ နိုင်ငံ၏ပြဋ္ဌာန်းဥပဒေ၊ နိုင်ငံသားများနှင့် လူထုအခြေပြု အဖွဲ့အစည်းများအနေဖြင့် သဘာဝသယံဇာတ ရောင်းချခြင်းမှရရှိသော ဘဏ္ဍာငွေများအား ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သဘာဝ ပတ်ဝန်းကျင် ကာကွယ်ရေးလုပ်ငန်းများတွင် မျှတစွာသုံးစွဲခြင်း၊ ပစ္စုပ္ပန်နှင့် အနာဂတ် မျိုးဆက်များအတွက် အသုံးပြုခြင်းကို အာမခံပေးရမည်။

စီမံကိန်းလုပ်ကိုင်ရာဒေသများနှင့် ထိုဒေသများမှ ထိခိုက်ခံ ဒေသခံပြည်သူများ၊ အနာဂတ် မျိုးဆက်သစ်များကို အကျိုးအမြတ်များအား ညီမျှစွာ ခွဲဝေသုံးစွဲခြင်း စနစ်သည် သယံဇာတထုတ်လုပ်မှုကြောင့် ထွက်ပေါ်လာသည့် မတရားမှုနှင့် အငြင်းပွားမှုများကို ဖြေရှင်းနိုင်မည့်အပြင် အနာဂတ်တွင်ကြုံတွေ့ ရမည့် ပဋိပက္ခများနှင့် ဆင်းရဲမွဲတေမှုကိုပါ ရှောင်ရှားနိုင်သည်။ ဥပမာအားဖြင့် အစားထိုး၍ မရသော သယံဇာတများ ရောင်းရခြင်းမှရရှိသည့် ဘဏ္ဍာဝင်ငွေများအား အထူးရံပုံငွေတရပ်အဖြစ် သတ်မှတ်ထားပြီး ရေရှည်တည်တံ့ခိုင်ခန့်စေသော ဖွံ့ဖြိုးရေးစီမံကိန်းများ (သို့မဟုတ်) ဒေသခံများဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွဲဝေအသုံးပြုနိုင်သည်။

အခန်း (၁) တွင် တင်ပြချက်အရ ဘဏ္ဍာရေး ပွင့်လင်းမြင်သာမှုရှိခြင်းသည် သဘာဝ သယံဇာတအား အလွဲသုံးစားပြုလုပ်ခြင်းမှ ကာကွယ်ရာတွင် အရေးကြီးသော အချက်ဖြစ်သည်။ ဤအခန်းတွင် နိုင်ငံတကာဆိုင်ရာ ဘဏ္ဍာရေးပွင့်လင်း မြင်သာမှု စံချိန်စံညွှန်းများနှင့် ရေနံနှင့်သဘာဝဓါတ်ငွေ့ ထုတ်လုပ်သော နိုင်ငံများမှ လေ့လာဆန်းစစ်ချက်များကို တင်ပြသွားမည်ဖြစ်သည်။




*မြန်မာနိုင်ငံသည် ဘဏ္ဍာရေးပွင့်လင်းမြင်သာမှုနှင့်ပတ်သက်၍မည်သည့်နိုင်ငံတကာစံချိန်စံညွှန်းများကိုမှ လိုက်နာကျင့်သုံးခြင်းမရှိပေ။*

## ဘဏ္ဍာရေးဆိုင်ရာပွင့်လင်းမြင်သာမှု၏ နိုင်ငံတကာစံချိန်စံညွှန်းများ

သယံဇာတရင်းမြစ်ဆိုင်ရာ ဘဏ္ဍာငွေပွင့်လင်းမြင်သာမှုအပေါ် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ လမ်းညွှန်ချက်

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က သယံဇာတကြွယ်ဝသောနိုင်ငံများရှိ သယံဇာတတူးဖော်ရေး လုပ်ငန်းများ၏ ငွေကြေးဆိုင်ရာ ပါဝင်ပတ်သက်မှုနှင့် စပ်လျဉ်း ၍ ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ထုတ်ပြန်ထားပြီးဖြစ်သည်။ ယင်းထုပ်ပြန်မှုအရ သယံဇာတတူဖော်ရေး လုပ်ငန်းစီမံကိန်းများမှ အစိုးရငွေစာရင်းများထဲသို့ စီးဆင်းသွားသော ဘဏ္ဍာငွေကြေးများကို ပိုမိုကောင်းမွန်သော ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုများဖြင့် လုပ်ဆောင်ကြရန် တိုက်တွန်းထားသည်။ သယံဇာတရင်းမြစ်ဆိုင်ရာ ဘဏ္ဍာငွေပွင့်လင်းမြင်သာမှုအပေါ် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၏ လမ်းညွှန်ချက်ကို (၂၀၀၅)ခုနှစ်တွင် စတင်ပုံနှိပ်ထုတ် ဝေခဲ့ပြီး (၂၀၀ရ)ခုနှစ်တွင် ထပ်မံဖြည့်စွက်မွမ်းမံ ထားသည်။ အဆိုပါလမ်းညွှန်ချက်တွင် လိုက်နာကျင့်သုံးရန် အကောင်းဆုံး နယ်ပယ် (၄)

**ရေနံနှင့်သဘာဝဓါတ်ငွေ့ ဘဏ္ဍာငွေ စီမံခန့်ခွဲမှုဆိုင်ရာ စံပြဥပဒေ**

ကိုလံဘီယာ တက္ကသိုလ်အတိုင်ပင်ခံအုပ် စုမှရေနံဘဏ္ဍာငွေစီမံခန့်ခွဲမှုဆိုင်ရာအဖွဲ့က ရေနံနှင့်သဘာဝ ဓါတ်ငွေ့ ဘဏ္ဍာငွေကြေးဆိုင်ရာဥပဒေများအတွက် မရှိမဖြစ်လိုအပ်သော အချက်လက်များကို ဖေါ်ပြထားသည်။ ၎င်းတို့တွင်အောက်ပါအချက်များပါဝင်သည်။

(၁) အရပ်ရပ်ဆိုင်ရာ ရေနံနှင့်သဘာဝဓါတ်ငွေ့ ဘဏ္ဍာငွေကြေးများတွင် ပါဝင်သော ဘဏ္ဍာငွေကြေးလမ်းကြောင်းများကို ရှင်းလင်းစွာဖေါ်ပြခြင်း

(၂) ရေနံနှင့်သဘာဝဓါတ်ငွေ့ဘဏ္ဍာငွေအပ်နှံထားမှုအတွက်ညွှန်ကြားချက်များ

(၃) ဘဏ္ဍာငွေကိုမည်သူကထုတ်ယူသုံးစွဲနေသည်နှင့် မည်သို့ အသုံးပြုမှု ပြုလုပ်သည်ကို ထိမ်းချုပ် ကန့်သတ်ထားခြင်း

(၄) အပ်နှံထားသောဘဏ္ဍာငွေများအားပယ်ဖျက်ခြင်း၊ အသုံးပြုခြင်းတို့အတွက် အသေးစိတ်ညွှန်ကြားချက်များ

(၅) ရေနံနှင့်သဘာဝဓါတ်ငွေ့ ဘဏ္ဍာငွေများကို ထိခိုက်ခံ လူမှု အသိုင်းအဝန်းနှင့် သယံဇာတပိုင်ရှင် ပြည်နယ်များ၊ ဒေသများအား ခွဲဝေပေးခြင်း

(၆) ဝင်ရောက်လာသောရင်းနှီးမြှုပ်နှံမှုများ၊ အသုံးစရိတ်များ၊ လက်ခံရရှိသော အတိုးငွေများအား ပြည်သူများသိရှိအောင် အစီရင်ခံတင်ပြခြင်း

(၇)သီးခြားလွတ်လပ်သော စာရင်းစစ် မှ အပါဝင် ဘဏ္ဍာငွေကြေးအား ထိမ်းညှိ၊ စီစစ်၊ စောင့်ကြည့်ခြင်း[၆၂]

ချက်ကို တင်ပြထားသည်။ ၎င်းတို့မှာ (၁) လုပ်ပိုင်ခွင့်အခန်းကဏ္ဍနှင့်တာဝန်ဝတ္တရားများ ရှင်းလင်းပြတ်သားစွာ ရှိနေခြင်း၊ (၂) ပြည်သူများမှသတင်းအချက်အလက်များကို အလွယ်တကူရရှိနိုင်ခြင်း၊ (၃)ပွင့်လင်းစွာ ဘက်ဂျက်ရေးဆွဲမှု၊ အကောင်အထည်ဖေါ်ဆောင်ရွက်မှု၊ အစီရင်ခံတင်ပြမှုနှင့် (၄) ဂုဏ်သိက္ခာနှင့် အာမခံ ပေးခြင်းတို့ ဖြစ်ကြသည်။[၅၁]

ဤလမ်းညွှန်ချက်တွင် ဘဏ္ဍာရေးပွင့်လင်းမြင်သာမှုအပြင် သဘောတူစာချုပ်ချုပ်ဆိုမှုများအတွက်လည်း ပွင့်လင်းမြင်သာမှုများကိုပါ တိုက်တွန်းထားသည်။နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့မှ တိုက်တွန်းထားသော ဘဏ္ဍာရေးနှင့်ပွင့်လင်းမြင်သာမှု (၄) ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

## (၁) လုပ်ပိုင်ခွင့်အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ ရှင်းလင်းပြတ်သားစွာ ဖေါ်ပြခြင်း

ဘဏ္ဍာငွေ စီမံခန့်ခွဲမှုစနစ်သည် ဥပဒေကြောင်းအရ တရားဝင်ဖြစ်စေမည်ဖြစ်သည်။ ဤစံနစ်အရ တိကျသောဥပဒေများကို ပြဋ္ဌာန်းရမည်ဖြစ်ပြီး ဘဏ္ဍာငွေကို မည်သည့်နေရာတွင် ထိမ်းသိမ်းထားမည်၊ မည်ကဲ့သို့စီမံခန့်ခွဲမည်၊ မည်သူက ထုတ်ယူသုံးသုံးစွဲမည်နှင့် မည်ကဲ့သို့ သုံးစွဲမည်စသောအချက်များကို ဥပဒေ များဖြင့် ထိမ်းချုပ်ထားရမည်ဖြစ်သည်။

## (၂) ပွင့်လင်းစွာဘက်ဂျက်ရေးဆွဲမှုအကောင်ထည်ဖေါ်ဆောင်ရွက်မှု

သဘာဝအရင်းအမြစ်မှရရှိသည့် ဘဏ္ဍာငွေအား မည်မျှသုံးစွဲသည်၊ တဖန်ထိုငွေများကို အမျိုးသား ဘတ်ဂျက်တွင် မည်ကဲ့သို့ သုံးစွဲသည်ကို ရှင်းလင်းစွာတင်ပြ ဖော်ပြရမည်ဖြစ်သည်။

## (၃) ပြည်သူများမှ သတင်းအချက်အလက်များကို အလွယ်တကူ သိရှိနိုင်ခြင်း

သဘာဝအရင်းအမြစ်မှရရှိသည့် ဘဏ္ဍာဝင်ငွေများနှင့် ပတ်သတ်သည့် သတင်းအချက်အလက်များကို ပြည်သူများ အလွယ်တကူ လေ့လာသိရှိနိုင်ရမည်။ ဤအထဲတွင် ခန့်မှန်းခြေအရံငွေကြေးပမာဏ၊ ကုမ္ပဏီမှ အစိုးရသို့ပေးအပ်ရသည့် ငွေကြေးပမာဏ၊ အစိုးရမှမည်ရွေ့မည်မျှ ထိမ်းသိမ်းထားပြီး (သို့မဟုတ်) မည်မျှအထိသုံးစွဲကြောင်း စသောပမာဏ၊ အစိုးရနှင့် သက်ဆိုင်ရာကုမ္ပဏီတို့၏ စာချုပ်များနှင့် အခြားသင့်တော်သည့် အချက်အလက်များပါဝင်သည်။

## (၄)ဂုဏ်သိက္ခာနှင့်အာမခံပေးခြင်း

နိုင်ငံတကာမှ လက်ခံအသိအမှတ်ပြုထားသော စာရင်းအင်းစနစ်ကို အသုံးပြုရမည်ဖြစ်ပြီး စာရင်းစစ်များ ပုံမှန်ဝင်ရောက်စစ်ဆေးခြင်းနှင့် အချက်အလက်များကို ပြည်သူများသို့ ထုတ်ပြန်ခြင်းတို့ကို ပြုလုပ်ရမည်။

**မြန်မာနိုင်ငံသည် နိုင်ငံတကာ ငွေကြေးရံပုံငွေအဖွဲ့ (IMF) ၏အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သည်။ သို့သော် အဖွဲ့ဝင်အစိုးများအနေဖြင့် IMF ၏လမ်းညွှန်ချက်များကို လိုက်နာရန်မလိုအပ်ပေ။**

## သယံဇာတတူးဖော်ရေးလုပ်ငန်းများပွင့်လင်းမြင်သာမှုကြိုးပန်းချက် ( EITI )

ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုအတွက် ကျယ်ကျယ်ပြန့်ပြန့် လက်ခံ ကျင့်သုံးနေသော နိုင်ငံတကာ စံချိန်စံညွှန်းများကို နိုင်ငံတကာနောက်ဆက်တွဲ သဘောတူညီမှုဖြစ်သည့် သယံဇာတတူးဖော်ရေး လုပ်ငန်းများ ပွင့်လင်းမြင်သာမှုကြိုးပန်းချက်တွင်(EITI)ထည့်သွင်းထားသည်။ EITI တွင် ကမ္ဘာတဝန်း လုံးမှ အဖွဲ့ဝင်လျှောက်ထားသည့် နိုင်ငံနှင့် EITI စံချိန်စံညွှန်ကို လိုက်နာကျင့်သုံးနေသည့်နိုင်ငံပေါင်း (၃၀) ရှိသည်။ EITI သည် နိုင်ငံအဆင့်၌ ကုမ္ပဏီ ပေးချေမှုနှင့် အစိုးရဘဏ္ဍာဝင်ငွေကို စောင့်ကြည့်၊ ကိုက်ညှိမှုဖြင့် ဘဏ္ဍာရေး ဆိုင်ရာ ပွင့်လင်းမြင်သာမှုများရရှိအောင် ဆောင်ရွက်နေခြင်းဖြစ်သည်။ ဤ လုပ်ငန်းစဉ်ကို အစိုးရဖက်မှလူပုဂ္ဂိုလ်များ၊ကုမ္ပဏီများနှင့် အရပ်ဖက်လူ့အဖွဲ့ အစည်းများ၏ စီမံကြီးကြပ်မှုအောက် တွင် လုပ်ဆောင်ရသည်။[၅၆] နိုင်ငံများနှင့်ထိတွေ့ဆက်ဆံရာတွင် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့် ဆက်စပ် နေသော (၁) ရေရှည်တည်တန့်ခိုင်ခန့်စေသော ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ္ဍာငွေကြေးများကိုအသုံးပြုခြင်း၊ (၂) ပြည်သူလူထု နားလည်သဘော ပေါက်မှုနှင့် ပူးပေါင်း ပါဝင်လာမှု၊ (၃) ပိုမို ကောင်းမွန်သော ငွေကြေးဆိုင်ရာပွင့်လင်းမြင်သာမှု၊ စီမံခန့်ခွဲမှုနှင့် တာဝန်ခံမှု၊ (၄)သယံဇာတတူးဖော်ရေး လုပ်ငန်းများမှ ဘဏ္ဍာဝင်ငွေနှင့် အသုံးစရိတ် များအတွက် အစိုးရ၏ တာဝန်ယူမှုစသော အကြောင်းကိစ္စများ စွာကို EITI ဥပဒေသများက တွန်အားပေးလျှက်ရှိသည်။

ဤဥပဒေသများနှင့် ကိုက်ညီစေရန်အတွက် (၁) သယံဇာတ တူးဖော်ရေးလုပ်ငန်းများမှ အစိုးရရရှိသော ဘဏ္ဍာငွေကြေး များကို ပုံမှန်ပုံနိုပ်ထုတ်ဝေဖော်ပြခြင်း၊ (၂) ဘဏ္ဍာငွေများနှင့် ဘက်ဂျက်များအား သီးခြား လွတ်လပ်စွာ စာရင်းစစ်နိုင်ခြင်း၊ (၃)အရပ်ဖက်လူ့အဖွဲ့အစည်းများမှ တက်ကြွစွာပါဝင်နိုင်ခြင်း စသောအ ချက်များကို အကောင်ထည်ဖော် ဆောင်ရွက်ရမည်။[၅၇]ယခုအချိန်ထိ မြန်မာနိုင်ငံမှာ EITI နှင့်ပူးပေါင်းဆောင်ရွက်ရန်အတွက် အရိပ်လက္ခာတစုံတစ်ခုကိုမျှ ဖော်ပြထား ခြင်းမရှိသေးပါ။[၅၈]

## ကုလသမဂ္ဂ အကျင့်ပျက်ခြစားမှုဆန့်ကျင်ရေးညီလာခံ (UN Convention Against Corruption)

အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး စံချိန်စံညွှန်းသည် ဘဏ္ဍာခွန်ငွေ ပွင့်လင်းမြင်သာမှုနှင့် တိုက်ရိုက် ဆက်စပ်နေသည်။ ပွင့်လင်းမြင်သာမှု အသုံးအနှုန်းသည် အစိုးရ၏အကျင့်ပျက်ခြစားမှုနှင့် ငွေကြေးများကို အလွဲသုံးစားပြုလုပ်ခြင်းတို့ အတွက် ရည်ရွယ်ထားခြင်းဖြစ်သည်။ ကုလသမဂ္ဂ ဂျီနီဗာသဘောတူညီချက်တွင် ပါဝင်သော စီးပွားရေးလုပ်ငန်းများကို ဦးတည်ထားသည့် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး စည်းကမ်းမူဝါဒများအပြင် ကုလသမဂ္ဂ အကျင့်ပျက်ခြစားမှု ဆန့်ကျင်ရေးညီလာခံက ချမှတ်လိုက်သော နိုင်ငံတကာ အကျင့်ပျက် ခြစားမှု တိုက်ဖျက်ရေး စံချိန်စံညွှန်းများကို အဖွဲ့ဝင်နိုင်ငံများမှ လိုက်နာရမည်ဖြစ်သည်။ သဘောတူညီချက်တွင် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကို အစိုးရ၏ မူဝါဒအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို မည်သူက စီမံခန့်ခွဲရမည်ဟူသည့် အချက် အပါအဝင် ပြည်သူ့ဝန်ထမ်းများ၏ လုပ်ဆောင်မှုများကို သတ်သတ်မှတ်မှတ်ပြဌာန်းပေးခြင်းစသည့် စဉ်းမျဉ်း စည်းကမ်းများပါဝင်သည်။[၅၉]

မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် ညီလာခံသဘောတူညီချက်ကို လက်မှတ် ရေးထိုးသော်လည်း စာချုပ်အဖွဲ့ဝင်နိုင်ငံ မဖြစ်သေးသော နိုင်ငံအချို့ထဲတွင် မြန်မာနိုင်ငံပါဝင်နေသေးသည်။[၆၀]

## သဘာဝ သယံဇာတဆိုင်ရာ ပဋိညာဉ်စာချုပ် (Natural Resource Charter)

ဘဏ္ဍာငွေပွင့်လင်းမြင်သာမှုရှိရေးကို အားပေးထောက်ခံသည့် အခြားသော လုပ်ဆောင်ချက်မှာ သဘာဝသယံဇာတ ပဋိညာဉ်စာချုပ်ဖြစ်သည်။ ဤသဘာဝ သယံဇာတဆိုင်ရာ ပဋိညာဉ်စာချုပ်သည် သဘာဝသယံဇာတများမှ ဖန်တီးပေး သော အခွင့်အလမ်းများကို အစိုးရများနှင့် လူ့အဖွဲ့အစည်းများ မည်ကဲ့သို့ အကျိုးရှိရှိ အသုံးပြုရမည်ကို သတ်မှတ်ထားသော စီးပွားရေးဆိုင်ရာဥပဒေသများပါဝင်သော စာချုပ်ဖြစ်သည်။ စာချုပ်တွင် သဘာဝသယံဇာတ စီမံခန့်ခွဲမှုကို တိုးတက်စေရန်အလို့ငှာ လမ်းညွှန်ချက်များနှင့် စံချိန်စံညွှန်းများကိုထည့်သွင်းထားသည်။

၎င်းစာချုပ်တွင် မြန်မာနိုင်ငံမှ လက်မှတ်ရေး ထိုးခြင်းမရှိသေးပေ။[၆၁]



*အမေရိကန်ပြည်ထောင်စု၊ အလာစကား ပြည်နယ်ရှိ ပြည်သူများသည် ရေနံဘဏ္ဍာငွေများကို ခွဲဝေယူကြသည်။ (ဓါတ်ပုံ-Rolf Hicks)*

## ရေနံနှင့်သဘာဝဓါတ်ငွေ့ကြွယ်ဝသောနိုင်ငံများမှ ဖြစ်ရပ်မှန်လေ့လာချက်များ

### အမေရိကန်ပြည်ထောင်စု၊ အလာစကားပြည်နယ် ပြည်သူအားအသိပေးခြင်း၊စီစစ်စောင့်ကြည့်ခြင်းနှင့် အကျိုးအမြတ်ခွဲဝေမှု

အလာစကားပြည်နယ်သည် အမေရိကန်ပြည်ထောင်စုရှိ သဘာဝသယံဇာတပေါများသော ပြည်နယ် တစ်ခုဖြစ်ပြီး ရေနံနှင့်သဘာဝဓါတ်ငွေ့ရောင်းချခြင်းမှ တိုင်းပြည်ဘဏ္ဍာငွေ အများအပြားရရှိသော ပြည်နယ်တစ်ခုလည်းဖြစ်သည်။ ၂၀၀၉ ခုနှစ် ဧပြီလ တစ်လတည်းတွင် ရေနံစည်ပေါင်း ၂၁ သန်းကျော်နှင့် သဘာဝဓါတ်ငွေ့ ၃၄ ဘီလီယံကျော် ကုဗပေထုတ်လုပ်ခဲ့သည်။[၆၃] အလာစကားပြည်နယ်သည် ၎င်း၏ သယံဇာတထုတ်လုပ်ရေးအတွက် တိုက်ရိုက်မြေငှားရမ်းခြင်းမှ ဘဏ္ဍာငွေများကို ရရှိနေသည့်အပြင် အမေရိကန် ဗဟိုအစိုးရနှင့် အကျိုးအမြတ်ခွဲဝေခြင်းမှလည်း ဝင်ငွေများရရှိနေသည်။[၆၄]

အလာစကားပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်နယ်မှထွက်ရှိသော ရေနံနှင့်တခြားသော သဘာဝအရင်းအမြစ် အားလုံးသည် ဘုံအမျိုးသားအမွေအနှစ်အဖြစ် ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အလာစကားပြည်သူများအတွက်ရေနံနှင့်သဘာဝဓါတ်ငွေ့ရောင်းချခြင်းမှရရှိသောအခွန်ဘဏ္ဍာများကို အမြဲတမ်းရံပုံငွေအဖြစ် တည်ထောင်ထားသည်။ အမြဲတမ်းရံပုံငွေ၏ ၂၅ ရာခိုင်နှုန်းကို ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည်။ ၎င်းငွေကြေးများကို ပြည်နယ်အစိုးရ၏ ဘတ်ဂျက်တွင် သုံးစွဲခွင့်မပြုပေ။ ရင်းနှီးမြှုပ်နှံမှုမှ ရရှိသော အကျိုးအမြတ်ကိုသာ ပြည်နယ်အစိုးရ၏ ဘတ်ဂျက်တွင် သုံးစွဲနိုင်သကဲ့သို့ ပြည်သူများထံသို့ အညီအမျှပေးဝေ ပိုင်ခွင့်ရှိသည်။

အလက်စကားဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရေနံနှင့် တခြားသောတွင်းထွက်သယံဇာတများကို ဘုံအမျိုးသားပိုင်ဆိုင်မှုအဖြစ် သတ်မှတ်ထားပြီး ရေနံနှင့်သဘာဝဓါတ်ငွေ့ ဘဏ္ဍာငွေများကို အမြဲတမ်း ရန်ပုံငွေတစ်ရပ်အဖြစ်လည်း ထူထောင်ထားရမည်ဟု ပြဋ္ဌာန်းပေးထားသည်။ အလာစကားပြည်နယ်မှ ရရှိသော ဘဏ္ဍာငွေ၏အနည်းဆုံး (၂၅%) ကိုအလာစကား အမြဲတမ်းရန်ပုံငွေထဲသို့ထည့်ဝင်ထားရပြီး ထိုရန်ပုံငွေကိုရင်းနှီးမြှုပ်မှုများပြုလုပ်ကြလေသည်။[၆၅] ရန်ပုံ ငွေထဲသို့မစုဆောင်းသော သဘာဝ ဓါတ်ငွေ့ဘဏ္ဍာငွေများကို ပြည်နယ်ဘတ် ဂျက်ထဲသို့ တိုက်ရိုက်ထည့်သွင်းပြီး ပြည်နယ်အတွက် အသုံးပြုသည်။ ရန်ပုံငွေ ထဲမှ ရင်းနှီးမြှုတ်နှံသောငွေကြေးများကို အလာစကားဘတ်ဂျက်ထဲသို့သော် လည်းကောင်း၊ နှစ်စဉ်ခွဲဝေငွေပေးချေမှုအဖြစ် ပြည်သူများကြား အညီအမျှ ခွဲဝေခြင်းအတွက်သော်လည်းကောင်း အသုံးပြုသည်။[၆၆]

၁၉၈၂ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ချက်လက်မှတ်ဖြင့် ပြည်သူများထံသို့ ပေးဝေငွေမှာ ၁၇.၅ ဘီလီယံ ရှိသည်။ ၂၀၀၈ ခုနှစ်တွင် အလာစကားပြည်နယ်သားများသည် တဦးလျှင် ဒေါ်လာ ၂၀၀၀ ရရှိကြသည်။[၆၇]

ပြည်နယ်အစိုးရ တဝက်ပါရှိသော Alaska Permanent Fund Corporation သည် ရံပုံငွေကို စီမံခန့်ခွဲသည်။[၆၈] ၎င်းစီမံခန့်ခွဲရေး ကော်ပိုရိတ်အား အစိုးရကိုယ်စားလှယ် နှစ်ဦး၊ ပြည်သူများ ကိုယ်စားလှယ် လေးဦးပါဝင်သည့် စီမံအုပ်ချုပ်ရေးအဖွဲ့ (Board of Trustees) က ကြီးကြပ်သည်။[၆၉] ကြီးကြပ်ရေး

အဖွဲ့သည် ရံပုံငွေ၏ အခြေအနေ၊ လုပ်ငန်းဆောင်ရွက်ချက်များ၊ စာရင်းစစ်ခြင်းနှင့် နှစ်ပတ်လည် အစီရင်ခံစာကို သတင်းစာများနှင့် ရံပုံငွေအဖွဲ့၏ အင်တာနက် စာမျက်နှာတွင် ထုတ်ပြန်ရသည်။[၇၀] မည်သူမဆို ၎င်းရံပုံငွေနှင့် ပတ်သတ်သော ဗဟုသုတဖြစ်ဖွယ်များ၊ အလုပ်အကိုင်များစုံစမ်းခြင်းတို့ကို တိုက်ရိုက် အီးမေးလ်ပို့ကာ မေးမြန်းနိုင်သည်။

အထွေထွေဗဟုသုတဖြစ်သော ရေနံနှင့် သဘာဝဓါတ်ငွေ့သိုက်ဆိုင်ရာ သတင်းအချက်အလက်များ၊ အဖွဲ့၏ဘဏ္ဍာရေးအခြေအနေ၊ ဝင်ငွေ၊ တူးဖော်မှုအခြေအနေနှင့် ရေနံနှင့်သဘာဝဓါတ်ငွေ့ ထုတ်လုပ်မှု သတင်းအချက်အလက်များကို အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။[၇၁] ရေနံနှင့် သဘာဝဓါတ်ငွေ့ လစဉ်ထုတ်လုပ်မှု၊ မြေငှားရမ်းခအတွက်ရရှိသည့် ဝင်ငွေများကို အလာစကားပြည်နယ် သဘာဝအရင်းအမြစ်ဌာန၏ ဝက်ဘ်ဆိုက် အင်တာနက် စာမျက်နှာတွင် ဖော်ပြထားသည်။ [၇၂]

ပြည်သူများသိသင့်သော ရေနံနှင့်သဘာဝဓါတ်ငွေ့ဘဏ္ဍာ သတင်းအချက်အလက်များကို ဖော်ပြရာတွင် နေရာကွဲပြားမှုအပေါ်လိုက်၍ အခက်အခဲရှိနိုင်သည်ကိုတွေ့ရသည်။ ဥပမာအနေဖြင့် မြေငှားရမ်းခအတွက် ရရှိသည့်ငွေကြေး အား သိရှိရန် သဘာဝအရင်းအမြစ်ဌာနသို့ စုံစမ်းနိုင်သည်။ စုစုပေါင်းဘဏ္ဍာအခြေအနေကို သိရှိလိုပါက ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲရေးရုံးသို့ ဆက်သွယ်စုံစမ်းနိုင်သည်။ မည်သို့ပင်ဖြစ်စေ အလာစကား ပြည်သူများသည် ရံပုံငွေ အဖွဲ့၏ လုပ်ဆောင်ချက်များနှင့် ရင်းနှီးမြုပ်နှံမှုများကို အထူးစိတ်ဝင်စားသည်။

အလာစကားတွင် ကျင့်သုံးသော ရေနံနှင့် သဘာဝဓါတ်ငွေ့မှ ရံပုံငွေအချို့ကို ပြည်သူများ လက်ဝယ်သို့ ဖြန့်ဝေပေးခြင်းသည် အချို့သော နိုင်ငံများတွင် လူကြိုက်များလျက်ရှိပြီး အထူးသဖြင့် အီရတ်နှင့်ဂါနာနိုင်ငံတို့တွင် ကျင့်သုံးသည်။ [၇၃]

## မြန်မာနိုင်ငံအတွက် သင်ခန်းစာ

အခွန်ဘဏ္ဍာများနှင့်ဆိုင်သော သတင်းအချက်အလက်များသည် တနေရာတည်းတွင် မရရှိနိုင်သော်လည်း အလာစကား အမြဲတမ်းရံပုံငွေသည် စနစ်ကျစွာ စီမံခန့်ခွဲထားပြီး ပွင့်လင်းမြင်သာမှုနှင့် လွတ်လပ်သော အဖွဲ့အစည်းဖြစ်သည်။[၇၄]

အလာစကား ပုံစံသည် နေဥစ္စာများကိုခွဲဝေရာတွင် လူထုအတွက် မျှတမှုနှင့် ထိရောက်မှုရှိသော ပုံစံဖြစ်သည်။ ၎င်းပုံစံမျိုးကို မြန်မာနိုင်ငံတွင် ကျင့်သုံးသင့်သည်။ ဘဏ္ဍာငွေ ပွင့်လင်းမြင်သာမှုနှင့် ပတ်သက်၍ အရေးပါသောအချက်မှာ ဝင်ငွေပေးဆောင်ခြင်းနှင့် ဘတ်ဂျက်ဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူများထံသို့ ဖြန့်ဝေပေးခြင်းဖြစ်သည်။ အခြားတဖက်တွင်လည်း ဘဏ္ဍာငွေ ခန့်မှန်းခြေ၊ လက်ခံရရှိမှု၊ ရေနံဆိုင်ရာ အမျိုးသားရံပုံငွေ၊ အမျိုးသား ဘတ်ဂျက်စသည့် ပြည်သူများ သိသင့် သိထိုက်သည်များကို ဖြန့်ဝေပေးရမည်။

မြန်မာနိုင်ငံ၌ ဘဏ္ဍာရေးပွင့်လင်းမြင်သာမှုနှင့်ပတ်သက်၍ စဉ်းစားသောအခါ ပြည်သူများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်ဆိုင်ရာရုံး ထားရှိခြင်းသည် ရွေးချယ်စရာ နည်းလမ်းတခုဖြစ်သည်။ ၎င်းသတင်း အချက်အလက်နှင့်ဆိုင်သောရုံးသည် အစိုးရအဖွဲ့အစည်းများ၏ ဘဏ္ဍာငွေ သတင်းများကို စုစည်းခြင်း၊ စုဆောင်းရရှိသည်များကို အင်တာနက်စာမျက်နှာ (သို့)

စာကြည့်တိုက်ကဲ့သို့ နေရာတခုတည်းမှ ဖြန့်ဝေပေးခြင်းတို့ဖြစ်သည်။ သတင်းအချက်အလက် များအား အလွယ်တကူ လှေ့လာနိုင်သည့် အနေအထားတွင်ထားရှိရမည်။ ဤကဲ့သို့ ပြည်သူများမှ သတင်းအချက်အလက်များကို မှန်မှန်ကန်ကန် ရရှိနေခြင်းသည် ပြည်သူများ၏ သံသယကို လျော့ကျစေနိုင်သည်။



နော်ဝေနိုင်ငံ၏ ကမ်းလွန် ရေနံတူးစင်တခု

ဘဏ္ဍာခွန်ငွေ ပွင့်လင်းမြင်သာမှုနှင့်ပတ်သက်၍ အခြားသော အရေးကြီးသည့် အချက်မှာ တာဝန်ယူခြင်း ဖြစ်သည်။ ပုံမှန်အနေဖြင့် စာရင်းစစ်ခြင်းများကို ပြည်သူထံသို့ ဖြန့်ဝေပေးခြင်း၊ ကွဲပြားသော အဖွဲ့အစည်းများမှ ဘဏ္ဍာခွန် စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ကြပ်မတ်ပေးခြင်းတို့ဖြစ်သည်။ အစိုးရကိုယ်စားလှယ်များ၊ လူထုအခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့ထားသောအဖွဲ့သည် ရေနံနှင့် သဘာဝဓါတ်ငွေ့မှရရှိသော အခွန်ဘဏ္ဍာ သုံးစွဲမှုနှင့် ပတ်သတ်၍ ဥပဒေများ ပြဌာန်းပေးခြင်း၊ ဘဏ္ဍာခွန်ငွေနှင့် ပတ်သတ်၍ စာရင်းစစ်၏ ထုတ်ပြန်ချက်ကို ပြန်လည်သုံးသပ်ခြင်း၊ ငွေကြေး သုံးစွဲမှုနှင့် ပတ်သက်၍ ဥပဒေရေးဆွဲရေး လုပ်ငန်းများကို အကြံပေးခြင်းတို့တွင် တာဝန်ယူရသည်။

မြန်မာနိုင်ငံအတွက် အထူးစဉ်းစားသင့်သည့်အချက်မှာ လွတ်လပ်သော စာရင်းစစ်ထားရှိခြင်းနှင့် ဘဏ္ဍာငွေ စီမံခန့်ခွဲမှုတို့သည် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းများဖြစ်သည်။

## နော်ဝေနိုင်ငံ ရေနံဆိုင်ရာဘဏ္ဍာငွေ စီမံခန့်ခွဲမှုနှင့် အမျိုးသားရေနံ ရံပုံငွေ

ဖွံ့ဖြိုးပြီးနိုင်ငံတခုဖြစ်သည့် "နော်ဝေ" နိုင်ငံ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဖူလုံရေးဆိုင်ရာ ညွှန်းကိန်းများသည် ကမ္ဘာပေါ်တွင် အကောင်းဆုံးဖြစ်သည်။ နော်ဝေနိုင်ငံသည် ရေနံနှင့် သဘာဝဓါတ်ငွေ့သိုက် ပေါကြွယ်ဝသော နိုင်ငံဖြစ်သည်။ ကမ္ဘာ့ရေနံတင်ပို့မှုတွင် တတိယအများဆုံး နိုင်ငံဖြစ်ပြီး ၂၀၁၀ ခုနှစ်တွင် ဘီပီ၏စရင်းအရ စည်ပေါင်း (၆.၇) ဘီလီယံ တင်ပို့ခဲ့သည်။ အလားတူပင် နော်ဝေနိုင်ငံသည် ကမ္ဘာပေါ်တွင် သဘာဝဓါတ်ငွေ့ ထုတ်လုပ်သည့် ထိပ်တန်း ၁၀ နိုင်ငံတွင်ပါဝင်သည်။ ၂၀၁၀ ခုနှစ် ဘီပီ၏ခန့်မှန်းချက်တွင် သဘာဝဓါတ်ငွေ့ သိုက်ပမာဏ ၂.၀ ထရီလီယံ ကုဗမီတာ ရှိသည်။[၇၅]

ရေနံသိုက်များ ကုန်ဆုံးသွားချိန်တွင် ရေရှည်စီးပွားရေး တိုးတက်မှုနှင့် ပတ်သတ် ၍ စိုးရိမ်မှုများရှိနေသည်။ ထို့ကြောင့် နော်ဝေအစိုးရသည် ၁၉၉၀ ခုနှစ်မှစ၍ သဘာဝဓါတ်ငွေ့နှင့် ရေနံတို့မှရရှိသော ဘဏ္ဍာငွေများကို သီးသန့် ရံပုံငွေအဖြစ် ထားရှိသည်။ ရေနံတင်ပို့ရာမှရရှိသော ငွေကြေးအမြောက်အများကို[၇၆] အမျိုးသားရေနံ ရံပုံငွေအဖြစ်ထားရှိရန် ဥပဒေဖြင့်ပြဌာန်းထားသည်။ ၎င်းရံပုံငွေအား နော်ဝေပင်စင်ရံပုံငွေဟုလည်းခေါ်သည်။[၇၇] နိုင်ငံတော်သည် ကုန်း၊ ရေတို့မှ ထွက်ရှိသော ရေနံသိုက်များကို ရေရှည် အမျိုးသားအကျိုးစီးပွားအလို့ငှာ စီမံခန့်ခွဲခွင့်ရှိသည်။[၇၈] ရေနံ ရံပုံငွေကြေးသည် ရေရှည်ဘတ်ဂျက် အလျော့အတင်းကို ကူညီရန်အတွက် ရံပုံငွေများတိုးပွားစေရန် ကောင်းမွန်သောလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ရန် ရည်ရွယ်သည်။ သယံဇာတများ ကုန်ဆုံးသွားချိန်တွင် ၎င်းရံပုံငွေဖြင့် စီးပွားရေးပြောင်းလဲမှုများကို ကူညီရန် ရည်ရွယ်သည်။

ရေနံ ရံပုံငွေ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရေးအတွက် ရံပုံငွေ အသုံးပြုမှု၊ စီမံခန့်ခွဲမှုနှင့်ပတ်သတ်၍ ကန့်သတ်ချက် အများအပြားထားရှိသည်။ ရေနံ ရံပုံငွေ

ကို အစိုးရဘတ်ဂျက်သို့ ပြောင်းလိုပါက ပါလီမန်၏ သဘောတူညီမှုဖြင့်သာ ပြောင်းလဲနိုင်သည်။[၇၉] ၎င်းရံပုံငွေမှ ပိုင်ဆိုင်သောငွေများကို ပုဂ္ဂလိက လုပ်ငန်းများတွင် သုံးစွဲခွင့် မရှိချေ။ Norges ဘဏ်သည် အဆိုပါ ရံပုံငွေ စီမံခန့်ခွဲရေးတွင် တာဝန်ရှိသည်။[၈၀] ၎င်းရံပုံငွေနှင့်ပတ်သက်သော ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းများ အားလုံးကို ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်သူများသို့ အသိပေးရသည်။[၈၁]



ဘရာဇီးနိုင်ငံတွင် ရေနံနှင့် သဘာဝဓါတ်ငွေ့မှ ရရှိသောဘဏ္ဍာငွေကို ပိုင်ရှင်ပြည်နယ်များနှင့် ဒေသအုပ်ချုပ်ရေးဌာနများကို ခွဲဝေးပေးသည်

## မြန်မာနိုင်ငံအတွက် သင်ခန်းစာ

နော်ဝေနိုင်ငံတွင် ကျင့်သုံးနေသော အမျိုးသား ရေနံရံပုံငွေနှင့်တူညီသော မြန်မာအမျိုးသား ရေနံ (သဘာဝဓါတ်ငွေ့) ရံပုံငွေသည် တိုင်းပြည်၏ ဘဏ္ဍာရေး လုံခြုံမှုကို ပေးစွမ်းနိုင်မည်ဖြစ်သည်။ ရေနံနှင့်သဘာဝဓါတ်ငွေ့မှရ ရှိသောဘဏ္ဍာငွေ အားလုံးအား ရံပုံငွေအဖြစ်ထားရှိရန်မလိုအပ်ပေ။ သို့သော် သင့်တော် သော ပမာဏဖြင့် ထားရှိသင့်သည်။ အချို့သော အမျိုးသားရေနံ ရံပုံငွေကို ရေရှည်စီးပွားရေး ဖွံ့ဖြိုးမှုအတွက်စဉ်းစားသင့်ပြီး အနာဂတ် မျိုးဆက်သစ်များ အတွက် ထိမ်းသိမ်းထားသင့်သည်။

## ဘရာဇီးနိုင်ငံ သဘာဝအရင်းအမြစ် ထုတ်ယူသည့်ဒေသသို့ ဘဏ္ဍာငွေများ ခွဲဝေပေးခြင်းနှင့် သဘာဝပတ်ဝန်းကျင် ကာ ကွယ်ပေးခြင်း

ပေါ်တူဂီ လက်အောက်ခံကိုလိုနီဘဝဖြင့် ရာစုနှစ်များစွာကြာညောင်းပြီး- နောက် ဘရာဇီးနိုင်ငံသည် ၁၉ ရာစုအစပိုင်းတွင် လွတ်လပ်သည့် နိုင်ငံဖြစ် လာခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ပြည်တွင်းမငြိမ်မသက်မှု များနှင့် စစ်အုပ်ချုပ်ရေးသည် ၁၉၈၅ ခုနှစ်တွင် အဆုံးသတ်ခဲ့သည်။[၈၂] သို့ရာတွင် ဘရာဇီးနိုင်ငံသည် နိုင်ငံသားများ၏ ဝင်ငွေမမျှတမှုနှင့် ရေရှည်ဖွံ့ဖြိုးမှုနှင့်ပတ်သတ်၍ အခက်အခဲရှိ နေဆဲဖြစ်သည်။ လွန်ခဲ့သောနှစ် အတွင်း ဘရာဇီးနိုင်ငံသည် လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သော ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဖူလုံရေး လုပ်ငန်းများကို တိုးတက်အောင် လုပ်ဆောင်လာ ခဲ့သည်။[၈၃]

ဘရာဇီးနိုင်ငံ၏ ရေနံသိုက် ပမာဏမှာ စည်ပေါင်း ၁၂ ဘီလီယံနှင့် သဘာဝ ဓါတ်ငွေ့ ၁၀ ထရီလီယံ ကုဗပေရှိသည်။[၈၄] ဘရာဇီးနိုင်ငံ၏ စီးပွားရေးနှင့် နှိုင်းယှဉ်ပါက သေးငယ်သောပမာဏဖြစ်သည်။ ဘရာဇီးနိုင်ငံသည် လယ်ယာ

ဘရာဇီးမြို့တော် Rio တွင် သဘာဝဓါတ်ငွေ့မှ ရရှိသည့် ဘဏ္ဍာငွေအား ၎င်းပြည်နယ် အတွက်အသုံးပြုရန် တောင်းဆို နေသော လူထုဆန္ဒပြပွဲ (ဓါတ်ပုံ - Bloomberg)



စိုက်ပျိုး ရေးနှင့်စက်မှုကဏ္ဍနှစ်ခုတွင် အခြေအနေကောင်းများ ရှိနေသည်။

ဘရာဇီး ဗဟိုအစိုးရသည် ရေနံနှင့်သဘာဝဓါတ်ငွေ့မှ ဘဏ္ဍာအခွန်များ ရရှိသည်။ အထူးသဖြင့် ရေနံ ကုမ္ပဏီများထံမှ အခွန်ငွေနှင့် နိုင်ငံပိုင်ရေနံ လုပ်ငန်းမှ အမြတ်ငွေများရရှိသည်။ သဘာဝသယံဇာတ ထုတ်လုပ်သည့် ဒေသများသို့ ရရှိလာသည့်ဝင်ငွေများကို အချိုးကျ ခွဲဝေပေးခြင်းများ ပြုလုပ်သည်။ ၎င်းကို (Special Participation) ဟုခေါ်သည်။[၅၅]


ဘရာဇီးနိုင်ငံ၏ ဥပဒေကြောင်းအရ ပွင့်လင်းမြင်သာမှုများဖြင့် ဘဏ္ဍာငွေ စီမံခန့်ခွဲရေး လုပ်ငန်းစဉ်တွင် သဘာဝသယံဇာတ ပိုင်ဆိုင်သည့် ပြည်နယ်အား မူလပိုင်ရှင်ဖြစ်သည့်အတွက် မြေယာငှားရမ်းခ (royalty) ၏ ၅၀ ရာခိုင်နှုန်းကို ရရှိပြီး အချိုးကျခွဲဝေမှုမှ ၄၀ ရာခိုင်နှုန်းကိုရရှိသည်။ သက်ဆိုင်ရာ ဒေသ အုပ်ချုပ်ရေးသည် မြေငှားရမ်းခ၏ ၁၇ ရာခိုင်နှုန်းကိုရရှိပြီး အချိုးကျခွဲဝေမှု၏ ၁၀ ရာခိုင် နှုန်းကိုရရှိသည်။ ဘရာဇီး သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနမှလည်း သဘာဝ ပတ်ဝန်းကျင်ပြုပြင်ရေးအတွက် အချိုးကျ ခွဲဝေမှုမှ ၁၀ ရာခိုင်နှုန်း ရရှိသည်။ ပုဂ္ဂလိက မြေပိုင်ရှင်များသည်လည်း အချိုးကျ ခွဲဝေပေးမှုကို ခံစားရသည်။[၅၆]

## မြန်မာနိုင်ငံအတွက် သင်ခန်းစာ

ဘရာဇီးနိုင်ငံ၏ ရေနံနှင့်သဘာဝ ဓါတ်ငွေ့မှရရှိသော ဘဏ္ဍာငွေခွဲဝေမှုသည် မြန်မာနိုင်ငံအတွက် လေ့လာသင့်သည့် သင်ခန်းစာဖြစ်သည်။ ဘဏ္ဍာငွေ ခွဲဝေ ပေးရာတွင် ဗဟိုအစိုးရ၊ ပြည်နယ်၊ သက်ဆိုင်ရာ မြို့နယ်၊ သက်ဆိုင်သည့် ပြည်နယ်နှင့် မသက်ဆိုင်သောပြည်နယ်များအကြား ခွဲဝေမှုသည် မြန်မာနိုင်ငံတွင် ကျင့်သုံးသင့်သောပုံစံဖြစ်သည်။ ဘရာဇီးနိုင်ငံ၏ ရေနံနှင့်သဘာဝဓါတ်ငွေ့မှဝင်ငွေသည် တိုင်းပြည်စုစုပေါင်း ထုတ်ကုန်၏ ၄ ရာခိုင်နှုန်းသာရှိသည်။ မြန်မာ နိုင်ငံတွင် နိုင်ငံ့ဘဏ္ဍာငွေအများစုမှာ ရေနံနှင့်သဘာဝဓါတ်ငွေ့မှရရှိသည်။ ဘရာဇီးနိုင်ငံတွင် ဘဏ္ဍာငွေခွဲဝေသုံးစွဲမှု၌ ရှုပ်ထွေးမှု မရှိသည့်အတွက် မြန်မာနိုင်ငံအတွက် သင့်တော်ပေသည်။[၅၇]

## တီမောနိုင်ငံ

## ရေနံနှင့်သဘာဝဓါတ်ငွေ့မှရရှိသည့် ဘဏ္ဍာငွေများကို လူမှုဖွံ့ဖြိုးရေးနှင့် သဘာဝ ပတ်ဝန်းကျင် ကာကွယ်ရေးတွင် သုံးစွဲခြင်း။




*တီမောလူထုအခြေပြု အဖွဲ့အစည်းများ ရေနံနှင့်သဘာဝဓါတ်ငွေ့ဘဏ္ဍာငွေအား မည်သို့ စောင့်ကြပ်ရမည်ကို ဆွေးနွေးပွဲပြုလုပ်နေစဉ်*

ပေါ်တူဂီ၊ ဂျပန်၊ အင်ဒိုနီးရှားတို့၏ ကိုလိုနီပြုခြင်းကိုခံရပြီးနောက် အရှေ့တီမော နိုင်ငံသည် ၂၀၀၂ ခုနှစ်တွင် လွတ်လပ်သည့်နိုင်ငံဖြစ်လာခဲ့သည်။ သဘာဝ သယံဇာတပေါကြွယ်ဝသော တီမောနိုင်ငံသည် ၁၉၉၉ ခုနှစ်တွင် ပြန်လည် ဆုတ်ခွာသော အင်ဒိုနီးရှားစစ်တပ်များက ဖျက်စီးသွားခဲ့သည့် နိုင်ငံတခုလုံး နီးပါး၏ အခြေခံအဆောက်အအုံများကို ပြန်လည်တည်ဆောက်ခြင်းနှင့် အလုပ် ဖြစ်မည့် ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိသည်။ ထိုသို့ ပြန်လည် ထူထောင်ရေး လုပ်ငန်းစဉ်များတွင် နိုင်ငံ၏ အဓိကအရေးပါသည့် ရေနံနှင့် သဘာဝဓါတ်ငွေ့မှရရှိသည့် ဝင်ငွေများအား အကျိုးရှိရှိ မည်သို့သုံးစွဲသွားသင့်သည်ဆိုသည်မှာ စိန်ခေါ်မှုကြီးတရပ်ဖြစ်လာသည်။ တီမော၏ သဘာဝဓါတ်ငွေ့ သိုက်တည်ရှိမှုပမာဏသည် ခန့်မှန်းခြေအားဖြင့် ၁၁ ထရီလီယံကုဗပေနှင့် ရေနံစည်သန်းပေါင်း ၉၅၉ သန်းရှိမည်ဟု ခန့်မှန်းတွက်ချက်ထားသည်။(သို့ရာတွင် သဘာဝသယံဇာတ၏ ၄၀ ရာခိုင်နှုန်းကို ချုပ်ဆိုထားသည့် စာချုပ်များအရ တခြားနိုင်ငံများက ပိုင်ဆိုင်ထားနိုင်သည်)။

တီမော၏ Greater Sunrise သဘာဝဓါတ်ငွေ့စီမံကိန်းသည် မြန်မာနိုင်ငံမှ ရွှေသဘာဝဓါတ်ငွေ့စီမံကိန်းမှ ထွက်ရှိမည့်ပမာဏနှင့် နှိုင်းယှဉ်နိုင်သည်။ (မြန်မာနိုင်ငံ ရွှေသဘာဝဓါတ်ငွေ့သိုက်တွင် ၈.၃ ထရီလီယံ ကုဗပေရှိမည်ဟု ခန့်မှန်းထားသည်။)[၈၈] တီမော၏ ၎င်းသဘာဝဓါတ်ငွေ့စီမံကိန်းသည် ၂၀၀၂ ခုနှစ်တွင် ဩစတြေးလျနှင့်ချုပ်ဆိုခဲ့သော ပင်လယ်ပြင်ရေပိုင်နက် သဘောတူစာချုပ်အရ ဩစတြေးလျနှင့် ပူးတွဲပိုင်ဆိုင်သည့် နှစ်နိုင်ငံပိုင် ရေပိုင်နက်အတွင်းတွင် တည်ရှိသည်။ ဩစတြေးလျ၏ ပိုင်ဆိုင်မှု အစုရှယ်ယာများကို ခွဲဝေပြီးနောက် တီမောသည် (Greater Sunrise) သဘာဝဓါတ်ငွေ့စီမံကိန်းမှ ဆယ်စုနှစ်များအတွင်း ဝင်ငွေဒေါ်လာ ၁၀ ဘီလီယံ မှ ၁၇ ဘီလီယံထိ ရရှိနိုင်မည်ဟု ခန့်မှန်းထားသည်။[၈၉]



*တီမော တက္ကသိုလ်ကျောင်းသားများ ပါလီမန်အမတ်တဦးချင်းစီအတွက် အဖိုးတန်ကားများဝယ်ယူမှုကို ဆန္ဒပြနေစဉ်*

တီမောနိုင်ငံတွင် ရေနံနှင့်သဘာဝဓါတ်ငွေ့မှ ရရှိလာသည့်ဘဏ္ဍာငွေအား စီမံခန့်ခွဲရန်၊ ဥပဒေသုံးခုကို ပြဋ္ဌာန်းထားသည်။ ရေနံ (သဘာဝဓါတ်ငွေ့) တူးဖော်မှုဆိုင်ရာတွင် လိုက်နာရမည့် ကျင့်ဝတ်များ (Petrol -eum  Mining Code)၊ ရေနံ (သဘာဝဓါတ်ငွေ့) နှင့်ဆိုင်သော အခွန် ဥပဒေ (the Petroleum Tax Law) နှင့် ရေနံ(သဘာဝဓါတ်ငွေ့) ရံပုံငွေ ဥပဒေ (the Petroleum Fund Law) တို့ ဖြစ်သည်။ ရေနံတူးဖော်မှုဆိုင်ရာ ပြဋ္ဌာန်းချက်ဥပဒေတွင် နိုင်ငံခြားတိုင်းပြည်များနှင့် ပူးပေါင်းထုတ်လုပ်ရသောဧရိယာမှ သဘာဝသယံဇာတများကို နိုင်ငံတော်၏ ပိုင်ဆိုင်မှုအဖြစ်ပြဋ္ဌာန်းထားပြီး အမျိုးသားအကျိုးစီးပွားအတွက် မျှတသင့်တင့်စွာအသုံးပြုရန်ဖေါ်ပြထားသည်။ ၎င်းအစီအစဉ်တွင် သဘာဝသယံဇာတမှ ရရှိလာသည့် ဘဏ္ဍာငွေများအား ရံပုံငွေအဖြစ်ထားရှိခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိမ်းသိမ်းရေး လုပ်ငန်းများတွင် သုံးစွဲရန်ဖော်ပြထားသည်။[၉၀]

ရေနံ အကောက်ခွန် အက်ဥပဒေသည် တီမောရှိ ရေနံလုပ်ငန်းများမှ တိကျသောအကောက်ခွန်များ ကောက်ခံရန် ပြဋ္ဌာန်းထားသည်။ ရေနံမှ ရရှိသော အကောက်ခွန်ဖြင့် တီမောပြည်သူတို့၏ လူမှုစီးပွားရေးနှင့် ပြည်သူများအတွက် အကျိုးအမြတ်ရရှိစေရန် ရည်ရွယ်ထားသည်။[၉၁] ဥပဒေပြဋ္ဌာန်းထားသော်ငြားလည်း ရေနံကုမ္ပဏီများက အခွန်အပြည့်အဝ မပေးပဲနေနိုင်ခြင်းတို့ကြောင့် တရားဥပဒေ အား တိကျစွာလိုက်နာကျင့်သုံးရန် အရေးပါသောအချက်ဖြစ်သည်။

ရေနံမှရရှိသောဘဏ္ဍာငွေများကို စီမံခန့်ခွဲရန် ဖွဲ့စည်းပုံအခြေခံဥပဒေတခုကို ၂၀၀၅ ခုနှစ်တွင် ရေနံရံပုံငွေ ဥပဒေဖြင့်ပြဋ္ဌာန်းသည်။[၉၂] ဥပဒေ၏ နိဒါန်းပိုင်းတွင် ပစ္စုပ္ပန်နှင့်အနာဂတ်မျိုးဆက်တို့ အကျိုးဖြစ်ထွန်းမှုအတွက် အဓိက ရည်ရွယ်ထားပြီး ပွင့်လင်းမြင်သာမှုရှိသော စီမံခန့်ခွဲမှုကိုပါ အဓိကဖော်ပြထားသည်။ သဘာဝသယံဇာတ တူးဖေါ်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် ရောင်းချခြင်းမှ ရရှိသော ဘဏ္ဍာငွေများကို ရေနံရံပုံငွေတွင်[၉၃] အပ်နံ့ထားရန် ဥပဒေဖြင့် ပြဋ္ဌာန်းထားသည်။ ၎င်း ရံပုံငွေမှငွေများကို တိုင်းပြည်ဘတ်ဂျက်ထဲသို့ နှစ်စဉ်အကန့်အသတ်ဖြင့်သာ လွှဲပြောင်းပိုင်ခွင့်ရှိသည်။[၉၄] လူထုကိုယ်စားပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် များ ပါဝင်သော ရေနံရံပုံငွေအတိုင်ပင်ခံအဖွဲ့၏ အကြံပြုချက်ဖြင့် ၎င်းငွေများကို သုံးစွဲနိုင်သည်။[၉၅]

၂၀၀၅ ခုနှစ်တွင် ရေနံရံပုံငွေအက်ဥပဒေကို အတည်ပြုပြဋ္ဌာန်းခြင်းမပြုမီ နိုင်ငံအနှံ့အပြားရှိ ထောင်ပေါင်းများစွာသော တီမောပြည်သူများဖြင့် လူထုနှီးနှောဖလှယ်မှုများကို ပြုလုပ်ခဲ့သည်။[၉၆] ရံပုံငွေနှင့်ပတ်သတ်သော အပ်နံ့ထားသည့်ငွေပမာဏ၊ ထုတ်ယူသွားသောငွေ၊ ရင်းနှီးမြှုပ်နံထားသောငွေ စသည်တို့နှင့်ပတ်သတ်သည်များကို နှစ်ဝက်၊ နှစ်ပတ်လည် အစီရင်ခံစာများဖြင့် အစိုးရထံသို့ ပေးပို့ရပြီး ထိုမှတဆင့် ပြည်သူများသိစေရန် ထုတ်ပြန်ပေးရ သည်။[၉၇] ၂၀၁၁ ခုနှစ်ဘဏ္ဍာငွေ ရှင်းတမ်းအရ ရေနံရံပုံငွေတွင် အမေရိကန်ဒေါ်လာ

၉.၃၂ ဘီလီယံရှိသည်။[၉၈]

တီမောနိုင်ငံတွင် ရံပုံငွေနှင့်ပတ်သတ်၍ စံသတ်မှတ်ချက်များ ပြဌာန်းထားသော်လည်း သဘာဝအရင်း အမြစ်များမှရရှိသော ငွေကြေးများဖြင့် လူထု၏ ဘဝမြှင့်တင်ရန် အခက်အခဲရှိနေဆဲဖြစ်သည်။ ကျမ်းမာရေး၊ ပညာရေးနှင့် စီးပွားရေးညွှန်းကိန်းများ တိုးတက်အောင်လုပ်ဆောင်ရန် များစွာလိုအပ်နေသေးသည်။ ရေနံတူးပေါ်ထုတ်လုပ်မှုလုပ်ငန်းသည် ပြည်သူများအတွက် အလုပ်အကိုင် များများပေးနိုင်သည့် လုပ်ငန်းမဟုတ် ခြင်းကြောင့် ရေနံနှင့် သဘာဝဓါတ်ငွေ့ တူးဖေါ်ထုတ်လုပ်ရောင်းချခြင်းမှ ရရှိသောငွေကြေးများဖြင့် ပြည်သူများအား အလုပ်အကိုင်များများ ပေးနိုင်အောင် လုပ်ဆောင်ရန် လိုအပ်သည်။ နိုင်ငံလူဦးရေ ၁၁ သန်းတွင် ၂၀ ရာခိုင်နှုန်းမှာ အလုပ်လက်မဲ့များဖြစ်နေသည်။ မြို့တော် ဒီလီရှိ အသက် ၂၀နှင့် ၂၄ နှစ် အကြား လူငယ်တဝက်မှာ အလုပ်လက်မဲ့များ ဖြစ်ကြသည်။[၉၉]

လူထုအခြေပြုအဖွဲ့အစည်းများမှ သဘာဝသယံဇာတများကိုမတူးဖော်မီ နိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးပါသော အုပ်ချုပ်ရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ လူသားရင်းမြစ်ဖွံ့ဖြိုးရေးများနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို နှစ်အတန်ကြာ ဦးစားပေးလုပ်ဆောင်သင့်ကြောင်း အကြံပြုတင်ပြခဲ့သည်။[၁၀၀]

## သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းနှင့် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး တိုင်းတာမှုများ

တီမောအစိုးရနှင့် ကုမ္ပဏီတို့အကြားချုပ်ဆိုသော သဘောတူညီချက်များအားလုံးသည် သီးခြားဆွေးနွေး ခြင်းမဟုတ်ပေ။ လက်မှတ်ရေးထိုးခ အပိုဆုကြေးငွေ (signature bonus) ပေးကမ်းခြင်းကို ပိတ်ပင်ထားသည်။ လုပ်ကွက်မြေယာ ငှားရန်းခ (royalty) နှင့် တူးဖော်ထုတ်လုပ်ရောင်းချခြင်း အဆင့်ဆင့်မှရရှိသော ဝင်ငွေအားလုံးအား ထုတ်ပြန်ကြေငြာခြင်းနှင့် ၎င်းဘဏ္ဍာငွေများကို တသီးတခြား ရံပုံငွေ (petroleum fund) များတွင် သိမ်းဆည်းထားခြင်းအားဖြင့် အမျိုးသား ဘတ်ဂျက်မဟုတ်သည့်အတွက် နိုင်ငံရေး ရည်ရွယ်ချက်ဖြင့် သုံးစွဲမှုကို တားမြစ် ရန်ရည်ရွယ်သည်။ ရံပုံငွေထဲမှ အစိုးရနှင့် အုပ်ချုပ်ရေးအရာရှိတို့၏ ထုတ်ယူသုံးစွဲမှုကို ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းဖြင့် တင်းကြပ်ထားသည်။[၁၀၁]

တီမောတွင် ပွင့်လင်းမြင်သာမှု၊ သတင်းအချက်အလက်ထုတ်ပြန်မှုနှင့် ပတ်သက်၍ တခြားသော စည်းမျဥ်းစည်းကမ်းများကိုလည်း ဥပဒေများ၊ ကျင့်သုံးလိုက်နာမှု များဖြင့် ပြဌာန်းထားသည်။ တိကျသော အဓိပ္ပါယ်ဖွင့်ဆိုချက်မရှိသော်ငြားလည်း ပွင့်လင်းမြင်သာမှုသည် အခြေခံကျသောမူဖြစ်ကြောင်း ၂၀၀၅ ခုနှစ် ရေနံ အက်ဥပဒေတွင်ပြဌာန်းထားသည်။[၁၀၂] ဝန်ကြီးချုပ်ဟောင်း Mari Alkatiri သည် ရေနံ ရံပုံငွေနှင့်ပတ်သက်၍ အကျင့်ပျက်ခြစားခြင်း၊ ဘက်လိုက်မှုများနှင့် အကြံအဖန်များကို ကာကွယ်နိုင်ရန် တခြားသော နည်းလမ်းများကို ဆောင်ရွက်ခဲ့သည်။[၁၀၃] ပွင့်လင်းမြင်သာမှုနှင့်လာဘ်စားမှု တိုက်ဖျက်ရေးကို အားပေးသည့် အနေဖြင့် တီမောတွင် တိုင်းပြုပြည်ပြုလွှတ်တော်အမတ်များအပါအဝင် အစိုးရဝန်ထမ်း အရာရှိများနှင့် ၎င်းတို့၏ မိသားစုဝင်များအား ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် တခြား တွင်းထွက်သယံဇာတ တူးပေါ်ထုတ်လုပ်ခြင်း လုပ်ငန်းများတွင် ပါဝင်ပတ်သက်ခြင်းကို တားမြစ်ထားသည်။[၁၀၄]

တီမောနိုင်ငံသည် ၂၀၀၇ ခုနှစ်တွင် EITI အဖွဲ့ဝင်နိုင်ငံအဖြစ်လျှောက်ထားခြင့်ဖြင့် ၂၀၁၀ ခုနှစ်တွင် EITI အဖွဲ့ဝင် နိုင်ငံဖြစ်လာခဲ့သည်။[၁၀၅] သို့ရာတွင်

လူထုအခြေ ပြုအဖွဲ့စည်းများမှ အကြံပေးတင်ပြထားသော်လည်း ရေနံရံပုံငွေ အက်ဥပဒေ သည် ကုမ္ပဏီများ၏ အစိုးရသို့ ပေးချေသော ငွေကြေးများကို ဥပဒေကြောင်းအရ တရားဝင်ထုတ်ပြန်ရမည်ဟု ပြဌာန်းထားခြင်းမရှိချေ။[၁၀၆] EITI ၏ လုပ်ငန်းစဉ် များအပြင် ရေနံဘဏ္ဍာငွေများ နှင့်စာချုပ်စာတန်းများ၊ အထောက်အထားများကို အင်္ဂလိပ်ဘာသာ၊ တီမောဘာသာ၊ ပေါ်တူဂီ ဘာသာတို့ဖြင့် သဘာဝသယံဇာတ၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန အင်တာနက်စာမျက်နှာတွင် ဖေါ်ပြထား သည်။[၁၀၇] ဒေသဆိုင်ရာလူထုအတွက် အစိုးရသည် လမ်းဘေးများတွင် ဆိုင်းဘုတ် စိုက်ထူလျက် ရေနံမှ ရရှိသည့် အခွန်ဘဏ္ဍာ၊ မေးမြန်းချက်များနှင့် အဖြေများ ကိုပါ ဖေါ်ပြထားသည်။[၁၀၈]

တီမောအစိုးရသည် အောက်ပါအကြောင်းအရာများနှင့် ပတ်သက်ပြီးလည်း တောင်းခံလွှာများရှိလာပါက ပြည်သူများသို့ အသိပေးထုတ်ပြန်ရန် တာဝန် ရှိသည်။
(က) တူးဖော်တွေ့ရှိထားသောရေနံနှင့်သဘာဝဓါတ်ငွေ့ ပမာဏနှင့်တူးဖော်ရေး လုပ်ငန်းစီမံကိန်းများ
(ခ) တီမော ပင်လယ်ပြင်ရေပိုင်နက် သဘောတူညီချက်အရ ၄င်းဧရိယာထဲတွင် တူးဖော်မှုအသေးစိတ်

*အချက်အလက်များ*
(ဂ) ပြဌာန်းထားသောဥပဒေနှင့်အညီ ကုမ္ပဏီများ၏ အစီရင်ခံစာများ နှင့်
( င) တူးဖော်မှုများနှင့်ဆက်စပ်ပြီး ပေးချေငွေ အစီရင်ခံစာများ ဖြစ်သည်။[၁၀၉]

## မြန်မာနိုင်ငံအတွက် သင်ခန်းစာ

တီမောနိုင်ငံ၏ အခွန်ဘဏ္ဍာစီမံခန့်ခွဲမှုနှင့်ပတ်သတ်၍ စိန်ခေါ်မှုများရှိနေသော်လည်း မြန်မာနိုင်ငံအတွက် အသုံးဝင်နိုင်ပေသည်။ တီမောနှင့် မြန်မာနိုင်ငံသည် တူညီသောသမိုင်းနောက်ခံရှိသော နိုင်ငံဖြစ်သည်။ ပြည်တွင်းစစ်၊ အကျင့်ပျက်ခြစားမှု၊ UNDP ၏ လူသားများ ဖွံ့ဖြိုးမှုဆိုင်ရာ ထုတ်ပြန်ချက်တွင် အောက်ဆုံးအဆင့်တွင်ရှိနေခြင်း သဘာဝသယံဇာတသည် ပြည်သူတို့၏ ကောင်းကျိုးကို မဖြစ်စေဘဲ ပဋိပက္ခကိုသာ ဖြစ်ပေါ်စေသည့် အချက်များသည် မြန်မာနှင့် တီမောနိုင်ငံတို့တူညီကြသည်။
တီမောသည် ကိုလိုနီလက်အောက်မှ လွတ်မြောက်လာပြီးနောက် အခြေခံအဆောက်အုံများကိုပြန်လည် တည်ဆောက်ခြင်း၊ လူ့အဖွဲ့အစည်း ဖရိုဖရဲဖြစ်နေမှုကို ပြန်လည်တည့်မတ်ပေးခြင်းတို့တွင် ဘဏ္ဍာငွေပွင့်လင်းမြင်သာမှုသည် အဓိကရည်မှန်းချက် ဖြစ်ကြောင်းတွေ့ရသည်။ လွတ်လပ်ရေး ရပြီးနောက် သုံးနှစ်အကြာတွင် ဥပဒေကြောင်းအရ ဘဏ္ဍာငွေ စီမံခန့်ခွဲမှုနှင့် အမျိုးသား ရေနံဘဏ္ဍာငွေကို ဖန်တီးနိုင်ခဲ့သည်။ EITI စည်းမျဉ်းစည်းကမ်းကို လိုက်နာကျင့်သုံးခြင်းဖြင့် ပွင့်လင်းမြင်သာမှုနှင့် လွဲမှားခြင်းများကို တိုးတက်အောင် လုပ်ဆောင်သည်။ တီမောနိုင်ငံ၏အခြေအနေကိုကြည့်ပါက မြန်မာနိုင်ငံတွင်လည်း အစောပိုင်း ကာလကတည်းကပင် ရေနံနှင့်သဘာဝဓါတ်ငွေ့အပါအဝင် တခြားတွင်းထွက် သယံဇာတများမှ ရရှိသော ဘဏ္ဍာငွေများကို ဥပဒေများဖြင့် ပွင့်လင်းမြင်သာစွာ စီမံခန့်ခွဲမှုစနစ်များကို အကောင်အထည်ဖေါ်ဆောင်ရွက် သင့်သည်။
တီမောသည် ဆယ်စုနှစ်တခုကျော်သာရှိသေးသော နိုင်ငံတခုဖြစ်သည်နှင့်အညီ ဘဏ္ဍာငွေများကို ပွင့်လင်းမြင်သာမှုများဖြင့် စနစ်တကျ စီမံခန့်ခွဲခြင်း လုပ်ငန်းများကို အကောင်ထည်ဖော် လုပ်ကိုင်နေဆဲဖြစ်သည်။ အဓိကကျ သောရည်မှန်းချက် အောင်မြင်မှုများရရှိရန် ပြည်သူ့ဘဏ္ဍာငွေ အသုံးစရိတ် များကို စနစ်ကျ ကောင်းမွန်သော စီမံခန့်ခွဲမှုများ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအရ ဝင်ငွေထွက်ငွေများကို တိကျသေချာစွာ စစ်ဆေးခြင်းများပြုလုပ်နိုင်ရေးများနှင့် တည်ရှိဆဲလုပ်ငန်းစဉ်များအား နိုင်ငံခေါင်းဆောင်များအနေဖြင့် အားနည်းအောင် မပြုလုပ်နိုင်အောင် တီမောအနေဖြင့် စွမ်းဆောင်နိုင်မှုများ အပေါ်တွင် မူတည်နေသည်။
တီမောနိုင်ငံ၏အဓိက သင်ယူစရာကောင်းသောစံနမူနာတခုမှာ ရေနံဘဏ္ဍာ ငွေများအလုံးအရင်းဖြင့် မဝင်ရောက်လာမီ စီမံခန့်ခွဲရေးဆိုင်ရာကောင်းမွန်သော လုပ်ထုံးလုပ်နည်းများနှင့် ဥပဒေများကို လွယ်ကူစွာ အတည်ပြုပြဌာန်းနိုင်ခဲ့ခြင်းများဖြစ်သည်။ သို့ရာတွင် ဘီလီယံနှင့်ချီသော ရေနံရောင်းရငွေများ နိုင်ငံထဲဝင် ရောက်လာသည့်အခါ ၎င်းလုပ်ထုံးလုပ်နည်းများကိုချိုးဖောက်ပြီး လိုသည်ထက် ပိုမိုသုံးစွဲခြင်းများကို နိုင်ငံရေးသမားများက ကျင့်သုံးလေ့ရှိသည်။ ထိုလုပ်ရပ်များမှ ကောင်းမွန်စနစ်ကျသော ပွင့်လင်းမြင်သာမှုများဖြင့် ဘဏ္ဍာငွေစီမံခွန့်ခွဲခြင်းကို စနစ်တကျ လုပ်ဆောင်ရန် အရေးကြီးကြောင်းကို ထောက်ပြသည်။ ပွင့်လင်းမြင်သာမှုနှင့် စီမံခန့်ခွဲခြင်းစနစ်ကိုကျင့်သုံးခြင်းမှ ရေနံနှင့် သဘာဝဓါတ်ငွေ့မှ ရရှိသောဘဏ္ဍာငွေများကို ရေရှည်အတွက်အကျိုးမရှိသည့် လုပ်ငန်းများတွင် သုံးစွဲခြင်းများကိုလည်း ရှောင်ရှားနိုင်မည်။ တီမောနိုင်ငံ၏ အကောင်အထည်ဖေါ် ဆောင်ရွက်မှုများတွင် ဥပဒေပြုရေး အပိုင်း၊ EITI အဖွဲ့ဝင်ဖြစ်လာခြင်း၊ ပွင့်လင်းမြင်သာမှုဖြင့် ဘဏ္ဍာငွေစီမံခန့်ခွဲခြင်း စနစ်များတွင် လူထုအခြေပြုအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးခြင်းများသည် မြန်မာနိုင်ငံအတွက် အကောင်းဆုံးသော စံတခုဖြစ်နိုင်သည်။ မြန်မာနိုင်ငံ အနေဖြင့်လည်း ပွင့်လင်းမြင်သာမှုများဖြင့် ဘဏ္ဍာငွေ စီမံခန့်ခွဲခြင်းများကို လက်တွေ့အကောင်ထည်ဖော် ဆောင်ရွက်ရာတွင် ရင်ဆိုင်ရသော ပြဿနာ များကို တီမောကဲ့သို့မဖြစ်ရန် သင်ခန်းစာယူသင့်သည်။

## တီမောဇ်၏ ရေနံဆိုင်ရာဘဏ္ဍာငွေများကို စီမံခန့်ခွဲရာတွင် ကောင်းမွန်သော အစိုးရယန္တရား ဖြစ်ပေါ်ရန် ကနဦးချမှတ်သော လုပ်ငန်းစဉ်များ

နိုင်ငံရေးအခက်အခဲများနှင့် တိုးတက်ဖွံ့ဖြိုးမှုများ အများအပြားလုပ်ဆောင်ရန် လိုအပ်နေချိန်တွင် တီမောခေါင်းဆောင်များသည် မျိုးဆက်သစ်များအတွက် ဘဏ္ဍာငွေကြေးသုံးစွဲမှုဖူလုံစေရန် အရေးပါသည့် ခြေလှမ်းတရပ်အနေဖြင့် သဘာဝသယံဇာတ ဘဏ္ဍာငွေကြေးစီမံခန့်ခွဲခြင်းကဏ္ဍကို တာဝန်ယူမှုများဖြင့် လုပ်ဆောင်ခဲ့ကြသည်။ ၂၀၀၅ ခုနှစ်တွင် တီမောပါလီမန်သည် ရေနံအက် ဥပဒေ၊ ရေနံအခွန်ကောက်ခံခြင်းအက်ဥပဒေနှင့် ရေနံရံပုံငွေ အက်ဥပဒေကို ပြဌာန်းခဲ့သည်။ ဤဥပဒေသည် ရေနံထုတ်လုပ်မှုကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ဘဏ္ဍာငွေ စီမံခန့်ခွဲမှုများကို ပြုလုပ်ရန်အတွက် အဓိက အထောက်အကူ ဖြစ်သည်။

(က) အားလုံးသော ရေနံ အခွန်ဘဏ္ဍာများနှင့် ရင်းနှီးမြှုပ်နှံမှုမှ ပြန်လည်ရရှိလာသော ငွေကြေးများအား ရေနံ ရံပုံငွေ(Petroleum Fund) တွင် ထည့်ဝင်ရမည် ဖြစ်ပြီး၊ ၎င်းရံပုံငွေကို မျိုးဆက်သစ်များညီတူညီမျှ အကျိုးခံစား နိုင်ရန် ဥပဒေသ များဖြင့် အနာဂတ်မျိုးဆက်များအတွက် သိမ်းဆည်းထားသည်။ ၂၀၀၀ ခုနှစ် ကတည်းက မြေယာငှါးရမ်းခ (royalty) အဖြစ်ရရှိလာသော အမေရိကန်ဒေါ်လာ ၂၀၄.၆ သန်းဖြင့် ၂၀၀၅ ခုနှစ်၊ စက်တင်ဘာတွင်တည်ထောင်သော ရေနံ ရံပုံငွေသည် လက်ရှိအခြေနေတွင် အမေရိကန်ဒေါ်လာ၉.၃ ဘီလီယံရှိလာသည်။ အစိုးရသည် ရံပုံငွေကို အဓိကအရေးပါသည့် အကြောင်းအရာများတွင် အသုံးပြုရန်နှင့် နှစ်ပေါင်းများစွာလုံခြုံ စိတ်ချစွာ ထိမ်းသိမ်းထားလိုသည့်အတွက် ရံပုံငွေမှ ရရှိသည့် ပုံမှန်အမြတ်ငွေများကိုသာ သုံးစွဲရန် ရည်ရွယ်သည်။ သို့ရာ တွင် ၂၀၀၈ ခုနှစ်က တက်လာသော အစိုးရသစ်သည် ဘတ်ဂျက်ကို လိုသည် ထက် ပိုမိုသုံးစွဲလျက်ရှိသည်။

(ခ) ရေနံရံပုံငွေမှ သုံးစွဲသည့်ငွေများကို ဘတ်ဂျက်ထဲ၌ ထည့်သွင်းရသည်။ ရံပုံငွေမှ ငွေပြောင်းငွေလွှဲအား သတ်မှတ်ထားသော အစိုးရ၏ ဘဏ်စာရင်းသို့သာ လွှဲပြောင်းနိုင်ပြီး ပါလီမန်မှ သတ်မှတ်ထားသည့် ငွေပမာဏ ထက်မပိုသော ငွေများကိုသာ လွှဲပြောင်းပိုင်ခွင့်ရှိသည်။ သုံးစွဲမှုအား အစိုးရ၏ ဘဏ္ဍာရေးဌာနမှ တဆင့် ဆောင်ရွက်ပြီး အစိုးရမှ စုစည်းအစီရင်ခံရသည်။ ဝင်ငွေနှင့်အသုံးစရိတ် အား ပြည်သူများ လေ့လာနိုင်အောင် ဖေါ်ပြထား ရှိပြီး ဘဏ္ဍာရေးဆိုင်ရာ ဥပဒေနှင့် လွတ်လပ်သော စာရင်းစစ်တို့မှ ရံပုံငွေအား မတရားအသုံးပြုခြင်းမှ ကာကွယ် ပေးရန် ရည်ရွယ်သည်။

(ဂ) ရံပုံငွေ၏ ပိုင်ဆိုင်မှုအား လုံခြုံစိတ်ချရသော စီမံခန့်ခွဲမှုအောက်တွင်ထားရှိပြီး ပြည်ပတွင်ရင်းနှီးမြှုပ်နှံမှုသည် ပြည်တွင်းစီးပွားရေးအခက်အခဲကို ကာကွယ် ပေးရာရောက်သည်။ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနသည် တခုလုံးအတွက် တာဝန်အရှိဆုံးဖြစ်ပြီး လုပ်ငန်းလည်ပတ်ရေးဆိုင်ရာ စီမံခန့်ခွဲမှု ကိစ္စရပ်များကို အစိုးရဘဏ္ဍာရေး ဌာန၏ Banking and Payments Authority အောက်တွင် ဆောင်ရွက်သည်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကျွမ်းကျင်သူများက ရံပုံငွေ၏ ရင်းနှီးမြှုပ်နှံမှုကို ကြပ်မတ်ပေးသည်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကြံပေးအဖွဲ့အား ၂၀၀၅ ခုနှစ်တွင်ထားရှိပြီး အစိုးရ၏ ရေနံရံပုံငွေမှ ရင်းနှီးမြှုပ်နှံမှုကို အကြံပေးရသည်။

(ဃ) အုပ်ချုပ်ရေး ယန္တရားသည် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုများကို တိကျစွာလုပ်ဆောင်ရန်နှင့် အခါအားလျော်စွာထုတ်ပြန်သော အစီရင်ခံစာများနှင့် နှစ်ပတ်လည်ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများကို ထုတ်ပြန်ရန် တာဝန်ရှိသည်။ ရံပုံငွေနှင့်ပတ်သက်သည့် သီးခြားလွတ်လပ်သော အတိုင်ပင်ခံကောင်စီဝင်များကို ပါလီမန်ကခန့်အပ်ပြီး ငွေကြေးဆိုင်ရာ ကိစ္စရပ်များကို အကြံပေးရသည်။ သို့သော်လည်း ပါလီမန်အနေဖြင့် ၄င်းကောင်စီ၏ အကြံပြုတောင်းဆိုခြင်းများကို လိုက်နာစရာမလိုပေ။ လွတ်လပ်၍ နိုင်ငံတကာ အသိအမှတ်ပြုသော ပြင်ပစာရင်းစစ်များမှစစ်ဆေးပြီး စာရင်းစစ်များ၏ ထုတ်ပြန်ချက်ကို ပြည်သူများ နားလည်လွယ်မည့်ပုံစံဖြင့် ထုတ်ပြန်ပေးသည်။ အစိုးရသည် အင်တာနက်စာမျက်နှာမှ ဥပဒေ ကြောင်းဆိုင်ရာများ၊ ပွင့်လင်းမြင်သာမှုဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများနှင့် ငွေကြေးဆိုင်ရာအစီရင်ခံစာများ ထုတ်ပြန်ချက်များကို တင်ပြပေးသည်။ နောက်ဆုံးထုတ်ပြန်သော သတင်းအချက်အလက်များ အင်တာနက်ပေါ်တွင် အချိန်မှန် ရောက်ရှိနေရေးသည် အရေးပါသည်။

(င) ရံပုံငွေနှင့်ပတ်သတ်၍ တာဝန်ရှိသူတို့၏ လုက်ကိုင်ဆောင်ရွက်မှုများကို လူထု၏နားလည်မှု အလွန်အရေးပါသည်ကို အသိအမှတ်ပြုခြင်းဖြင့် အစိုးရသည် ရံပုံငွေနှင့်ပတ်သတ်၍ နိုင်ငံအဝှမ်း လူထုနှင့် ဆွေးနွေးနှီးနှောမှုများကို တာဝန်ယူရသည်။ ပါလီမန်သည် ဥပဒေကြောင်းဆိုင်ရာကိစ္စရပ်များ၊ ပွင့်လင်းမြင်သာမှုနှင့် နိုင်ငံပိုင်သယံဇာတက နိုင်ငံဖွံ့ဖြိုးရေးတွင် မည်ကဲ့သို့ အသုံးပြုမည်ကို အခါပေါင်းများစွာ ဆွေးနွေးပွဲများပြုလုပ်သည်။

(စ) တီမောနိုင်ငံသည် ၂၀၁၀ ခုနှစ်တွင် EITI အဖွဲ့ ဝင်နိုင်ငံဖြစ်လာသည်။

*(ဤခဲရောင်အောက်ခံရှိ ဖော်ပြချက်များသည် တီမောနိုင်ငံ၏ ရေနံနှင့်သဘာဝဓါတ်ငွေ့မှရရှိသော ဘဏ္ဍာငွေများကို ပွင့်လင်းမြင်သာမှုစနစ်များဖြင့် အကောင်အထည် ဖော်လုပ် ဆောင်ခြင်းများ ဖြစ်သည်။ တီမော၏တဆင့်ချင်းစီ လုပ်ဆောင်ချက်များသည် မြန်မာနိုင်ငံတွင် ရေနံနှင့်သဘာဝ ဓါတ်ငွေ့မှရသော ဘဏ္ဍာငွေများကို ပွင့်လင်း မြင်သာမှုစနစ်များဖြင့် အကောင်အထည်ဖော် လုပ်ဆောင်ရာတွင် မည်သည့် အဆင့်များကို အကောင်ထည်ဖော် လုပ်ဆောင်သင့်သည် ဆိုသည်ကို အထောက်အကူ ဖြစ်စေမည်။)*

# နိဂုံးချုပ်

မြန်မာနိုင်ငံသည် ရေနံနှင့်သဘာဝဓါတ်ငွေ့များကြွယ်ဝပြီး စစ်အစိုးရ၏ ဆယ်စုနှစ်များစွာ နိုင်ငံခြားသို့ တင်ပို့ရောင်းချနေခြင်းကြောင့် ပြည်သူများမှာ စွမ်းအင်အလုံအလောက် သုံးစွဲခွင့်မရရှိသည်သာမက နိုင်ငံအနေဖြင့်လည်း ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံအဖြစ်သို့ ကျရောက်လျက်ရှိသည်။ ရေနံနှင့်သဘာဝ ဓါတ်ငွေ့များမှရသော ဘဏ္ဍာငွေများကိုမည်သို့ အသုံးပြုသည်ကိုမသိရှိရပေ။ တပ်မတော်အတွက်များ ပြားသော အသုံးစရိတ်များကို ဆက်လက်သုံးစွဲနေချိန်တွင် လူမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အနည်းအကျဉ်းသာ အသုံးပြုနေသည်ကတော့ ထင်ရှားစွာတွေ့ မြင်နေရသည်။ သဘာဝသယံဇာတများမှ ရရှိသော ဘဏ္ဍာငွေများကို တရားမျှတစွာ ခွဲဝေသုံးစွဲမှုမရှိခြင်းများကလည်း တိုင်းရင်းသားလူမျိုးများနှင့် ဖြစ်ပွားနေသည့် ပြည်တွင်းစစ်ကို ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။

တပ်မတော်က ကျောထောက်နောက်ခံပေးထားသော အရပ်သားအစိုးရပေါ် ပေါက်လာသော်လည်း၊ လက်ရှိပြဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေအရ၊ တပ်မတော်သည် ဥပဒေ၏အပြင်ဘက်တွင် လုံးဝ ရပ်တည်လျက်ရှိပြီး ပြည်သူများ၏ လွှမ်းမိုးမှုအပြင်ဘက်တွင်ရှိသည်။ နိုင်ငံ၏စီးပွားရေးတွင် စစ်တပ်ပိုင် ကုမ္ပဏီများ၏ ပါဝင်ပတ်သက်နေသော အခန်းကဏ္ဍနှင့် ၎င်းကုမ္ပဏီများက ရေနံနှင့် သဘာဝဓါတ်ငွေ့မှ ရရှိသော ဘဏ္ဍာငွေများနှင့် မည်သို့ဆက်စပ်နေသည်၊ အသုံးပြုနေသည်ဆိုသည်ကို သိရှိနိုင်ခြင်းများ မရှိသလို စစ်ဆေးခြင်းများလည်း မပြုလုပ်ပေ။နိုင်ငံခြားကုမ္ပဏီများကလည်း ရေနံနှင့်သဘာဝဓါတ်ငွေ့ ရောင်းရငွေများအား အစိုးရသို့ မည်သို့ပေးသည်၊ မည်မျှပေးသည်ကို ထုတ်ပြန်ခြင်းများမရှိပေ။

